မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အိုင်တီနည်းပညာကိုအကျိုးရှိရှိအသုံးချ လုပ်ငန်းများလွယ်ကူလျင်မြန်စွာ လုပ်ကိုင်နိုင်ရေးနှင့် ပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားလာရေး အိုင်တီအပိုင်းက ထိထိရောက်ရောက်အထောက်အကူပြုသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတင်းအချက်အလက်နှင့် နည်းပညာ(အိုင်တီ) ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့(e-National Task Force)မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အိုင်တီကုမ္ပဏီများမှ မန်နေဂျင်းဒါရိုက်တာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အိုင်တီပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကျိုးရှိရှိအသုံးချ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အိုင်တီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ လုပ်ကိုင်နိုင်ရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့အတွက် အိုင်တီအပိုင်းက ထိထိရောက်ရောက် အထောက်အကူပြုသွားနိုင်ရန် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန e-Learning Centre**နှင့်** e-Library **တို့ကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၂၃-၁-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းမှု နယ်စပ်ဒေသဖွံ့ဖြိုးရေး မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘ၀ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ၁၉၈၉ခုနှစ်မှစတင်ပြီး လမ်း၊ တံတား၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများကို ငွေကျပ်သန်းပေါင်းများစွာ သုံးစွဲ၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဓိကကျသည့် လမ်းမကြီးများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ တံတားများ တိုးတက်တည်ဆောက်ခြင်း၊ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ပညာရေးကဏ္ဍတွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အဆင့်မြင့်ပညာ ဆည်းပူးသင်ယူနိုင်သည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ နယ်စပ်ဒေသများ အပါအဝင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု၌ ကောလိပ်များကို တက္ကသိုလ်များအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည်။

နယ်စပ်ဒေသပြည်သူများ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ဆေးရုံ ၇၉ရုံ၊ ဆေးပေးခန်း ၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခုနှင့် ဌာနခွဲ ၁၄၀အပြင် ဖွံ့ဖြိုးရေး အထူးဒေသတိုင်း၌ ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံများ ဖွင့်လှစ်ပြီး ပြုစုကုသပေးလျက်ရှိသည်။ နယ်စပ်ဒေသတစ်လျှောက် ပြည်တွင်းမီဒီယာများ ဖြန့်ကြက်ပေးနိုင်ရေးအတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(၁၁၁)ရုံ ထူထောင်ပေးခဲ့သည်။

ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုးတက်မှုကို အဟန့်အတားဖြစ်သည့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်ရေး စီမံကိန်းများကိုလည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး၊ တိုးတက်ရေး အစီအမံများနှင့် တွဲဖက်၍ အထူးအလေးထား အကောင်အထည်ဖော်လျက် ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းမှုစွမ်းအားကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှု ရရှိပြီး နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ တွေ့မြင်နေရပြီ ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမေရိကန်တို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်းချိုးဖောက် အီရန်အစိုးရ ပြိုလဲပျက်စီးရန် ကြိုးစားလုပ်ဆောင်နေ ဖမ်းဆီးသွားသော သံတမန်များအားချက်ချင်းလွှတ်ပေးရန် အီရန်တောင်းဆို

တီဟီရန် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံမြောက်ပိုင်း အာဗေးမြို့တွင် အီရန်သံတမန်ငါးဦးကို အမေရိကန်တပ်ဖွဲ့ဝင်များ အဓမ္မဖမ်းဆီးခဲ့မှုမှာ စည်းမဲ့ကမ်းမဲ့ ဥပဒေချိုးဖောက် လုပ်ဆောင်ခြင်းတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ တိုင်ကြားစာ တစ်စောင်ကို အီရန်က ရေးသားပေးပို့လိုက်သည်ဟု အိုင်အာအင်အေသတင်းဌာနက ဇန်နဝါရီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါစာကို ကုလသမဂ္ဂရုံးသို့ ကုလသမဂ္ဂဆိုင်ရာ အီရန်ကိုယ်စားလှယ် ဒါနစ်ယက်ဇ်ဒီက လက်မှတ်ရေးထိုး တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်သည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ကြောင်း ဒါနစ်ယက်ဇ်ဒီက စွပ်စွဲခဲ့သည်။

ချိုးဖောက်

အီရန်သံတမန်များကိုဖမ်းဆီးခြင်းမှာ အမေရိကန်တို့သည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ သံတမန်နည်းလမ်းကို မကျင့်သုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီရန်အစိုးရ ပြိုလဲစေရန် အမေရိကန်တို့ လုပ်ဆောင်နေခြင်းဖြစ်ပြီး အီရန် သံတမန်များကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုကြောင်း ဒါနစ်ယက်ဇ်ဒီက ပြောကြားသည်။

ဖမ်းဆီး

အီရန်သံတမန်များအား အီရတ်နိုင်ငံ အာဗေးမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ရုံးတံခါးပေါက်ကို အတင်းရိုက်ချိုး ဝင်ရောက်ကာ ဇန်နဝါရီ ၁၁ ရက်၌ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၂၃-၁-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း-၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၆)

ခေမာကာရီပရိယတ္တိ စာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်း ဆရာတော် ဘဒ္ဒန္တကောသလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ)၏ မွေးနေ့ ဓမ္မပူဇာအဖြစ် ကျင်းပသော ပဥ္စမအကြိမ်မြောက် ခေမာကာရီပရိယတ္တိ စာမေးပွဲကို ဇန်နဝါရီ ၂၅ရက်မှ ၃၁ ရက်အထိ စလင်းကျောင်းတိုက် ဂန္ဓကုဋိတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၀ရက်တွင် စာအောင် ဆုနှင်းသဘင် ကျင်းပမည်ဖြစ်ရာ ဓမ္မပူဇာ လှူဖွယ်ပစ္စည်းများကို ခေမာသီဝံ ကျောင်း ဓမ္မပူဇာကော်မတီနှင့် ဦးဇော်ဌေး ထုံးကြီးအသင်း အတွင်းရေးမှူး ဖုန်း-၀၁-၂၀၀၃၆၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇မိုင် ရတနာလမ်း သွယ် အမှတ်-၃၃နေ ဒေါက်တာ မတင်ဝင်း၊ သမီး နန့် ချစ် ကြည် မိသားစု တို့ က ဒေါက်တာ မတင် ဝင်း (၆၇)နှစ်ပြည့် မွေးနေ့ အထိမ်း အမှတ် သုံးထပ် ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ် ဆယ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်း နှင့်တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်မှ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ရုပ်သိမ်းရန်လိုအပ် အီရတ်ပြည်သူများအောင်ပွဲရရန် ကူညီပေးမည်ဟု ဆီးရီးယားသမ္မတပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၂၂

အီရတ်ပြည်သူများ အောင်ပွဲရရှိရန် နိုင်ငံအတွင်း လုံခြုံရေးနှင့် ပေါင်းစည်းမှုရရှိရေးတို့အတွက် ဆီးရီးယားနိုင်ငံက အပြည့်အဝ အကူအညီပေးသွားမည်ဖြစ်ကြောင်း ဆီးရီးယားသို့ အလည်အပတ်ရောက်ရှိနေသော အီရတ်သမ္မတ ဂျာအယ်တာလာဘာနီနှင့် တွေ့ဆုံဆွေးနွေးစဉ် ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်က ဇန်နဝါရီ ၂၀ ရက်၌ ပြောကြားသည်။

နှစ်နိုင်ငံတို့အနေဖြင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆာနာသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ရုပ်သိမ်းရေး

ထို့အပြင် အီရတ်မှ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် အချိန်သတ်မှတ်ရန် လိုအပ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၅၄၆အရ စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ဆီးရီးယားသမ္မတ အာဆတ်က ပြောကြားသည်။

ဆောင်ရွက်

တစ်ဖန် အီရတ်ပြည်သူများနှင့် အီရတ်မြေကို ကာကွယ်ပေးနိုင်မှုနှင့် လွတ်လပ်မှုတို့အတွက် နှစ်နိုင်ငံစလုံးက ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သဘောတူညီ

ထို့အပြင် နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှု တိုးတက်ဖြစ်ထွန်းရန်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

● **ရှေ့ဖုံးမှ**

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အိုင်တီနှင့် Public Access Centre လုပ်ငန်းများတွင် မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်ကို သုံးစွဲနိုင်ရန် တိုးချဲ့စီမံနေမှု အခြေအနေများ၊ e- Government ထူထောင်ရေးဆိုင်ရာများ၊ e-Library ထူထောင်ရေးဆိုင်ရာများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Myanmar Info- Tech မှ ဦးသိန်းဦးနှင့် ဦးအောင်ဇော်မြင့်တို့က သတင်းအချက်အလက် ဆက်သွယ်ဖလှယ်နိုင်သော Public Access Centre ထူထောင်ရေးဆိုင်ရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်စနစ် (Rural Development Information System) နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်စနစ် (Industrial Developmemt Information System) တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက e-Library ကို ကျယ်ပြန့်စွာ အသုံးပြုခြင်းအားခြင်း တိုးတက်ဖြစ်ထွန်းလာနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ Global Technology Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးရှိန်းသူအောင်က e-Library ကျယ်ပြန့်စွာ ဖြစ်ထွန်းရေးအတွက် လိုအပ်သော အိုင်တီနည်းပညာပိုင်းဆိုင်ရာတို့နှင့် စပ်လျဉ်း၍လည်းကောင်း e-Trade Myanmar Co., Ltd. မှ ဒါရိုက်တာ ဦးထွန်းထွန်းနိုင်က သတင်းအချက်အလက်များကို အခြေခံသည့် Website ထူထောင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က အိုင်တီကဏ္ဍနှင့် စီးပွားကုန်သွယ်မှုကဏ္ဍတို့ အပြန်အလှန် ဆက်စပ်နေမှုများ၊ အိုင်တီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများနှင့် အိုင်တီပညာရှင်လူငယ်များ၏ အကူအညီဖြင့် အိုင်တီကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကြိဆ လုပ်ကိုင်သွားရန် လိုအပ်ပုံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင့်လွင်က e-Government ဖြစ်ပေါ်ရေးအတွက် Broad Band Network ချိတ်ဆက်ပြီးစီးမှုကိုလည်းကောင်း၊ Myanmar Info-Tech မှ ဦးငွေထွန်းက Myanmar Uni Code နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ဒေါက်တာတင်မြတ်ထွေးက အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အလွယ်တကူ အလိုအလျောက် ဘာသာပြန်ဆိုနိုင်သည့် Translation Machine ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ တီထွင်ရန် ကြိုးပမ်းနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက e-Trade ကူးပြောင်းရေး၌ On Line ပေါ်မှ စီးပွား/ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အိုင်တီပညာရပ်သည် အဓိကလိုအပ်ချက်ဖြစ်၍ အိုင်တီပညာရှင်များ၏ အကြံဉာဏ်များနှင့် အကူအညီများရယူနိုင်ရေး နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သတင်းအချက်အလက်နှင့် နည်းပညာ (အိုင်တီ) ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က e-Trade ကဏ္ဍ၊ On Line ဖြင့် ရောင်းဝယ်မှုကဏ္ဍနှင့် အိုင်တီကဏ္ဍ တိုးတက်ဖြစ်ထွန်းလာမှုတို့ကို စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် ဆက်သွယ်ရေးဥပဒေများ ရေးဆွဲထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ Myanmar Info-Tech မှ ဦးသိန်းဦးနှင့် ဦးအောင်ဇော်မြင့်တို့က Certificate Authority (CA) ထုတ်ပေးရေးကိစ္စကိုလည်းကောင်း၊ e-Procurement ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အိုင်တီကဏ္ဍ တိုးတက်ရန်အတွက် အားလုံးဝိုင်းဝန်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန e-Learning Center ကိုလည်းကောင်း၊ e-Library ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်၌ Cable Television(CATV) လိုင်းပေါ်မှ TV, Internet နှင့် Phone တစ်ပြိုင်တည်း အသုံးပြုနိုင်မှုတို့ကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အိုင်တီကဏ္ဍနှင့် စီးပွားကုန်သွယ်မှုကဏ္ဍတို့ အပြန်အလှန် ဆက်စပ်နေမှုများ၊ အိုင်တီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် အိုင်တီပညာရှင်လူငယ်များ၏ အကူအညီဖြင့် အိုင်တီကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကြိဆ လုပ်ကိုင်သွားရန်လိုအပ်။

ကြိုဆိုလက်ကမ်း ငြိမ်းချမ်းလမ်း

❏ ပြည်ထောင်စုဝန်းရံခ
မြန်မာ့ရဲ့ဇာတိပင်
ထက်အောက်ခွင်ပြည်နယ်ဖြန့်
ဆန့်လက်ကမ်းသွင်၊
သွေးချင်းတို့တူယှဉ်
ထာဝစဉ်လက်တွဲ၊
ခိုင်မြဲစွာစည်းလုံးမှု
အားပြုစဉ်မြဲ။

❏ အမျိုးသမီးထုသမိုင်းခေတ်
ဆယ်နှစ်ပြည့်ကျော်ခဲ့ပြီ
မြန်ပြည်နယ်တစ်နံတစ်လျား
ကြွားကြွားဝင့်ချီ၊
ရေးရာအလှစုံစုံညီ
အံ့လောက်သည်ဝိုင်းဆင်အနှံ့၊
ဖြန့်ကြက်ကာစွမ်းဆောင်ပြတယ်
မြန်မာ့မူဝလေ့အရေးမို့
မနှေးကူပံ့။

❏ လူကုန်ကူးတိုက်ဖျက်ရေး
အကြမ်းဖက်ကာကွယ်သည်
ဟန်ချက်ညီစွမ်းဆောင်မှု
လေးပြုကြပြီ၊
အမျိုးသမီးတို့စွမ်းရည်
အောင်ပွဲဆီဆင့်လှမ်း၊
အားသစ်ဆင်အောင်လံလွှင့်လို့
ရေမြင့်ကာကြာတင့်သလိုပ
မြန်မာ့မြေ မြန်မာ့သွေးရယ်တို့
ဖလှယ်ကာ အသိတရားတွေနဲ့
(ပြေ)ပြည်တစ်ခွင် ဆင့်ကာလှမ်းတယ်
ငြိမ်းချမ်းတဲ့လမ်း......။ ။

မွေးငယ်ငယ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှစ်ပတ်လည်နေ့ကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီခွဲက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး၊ အထွေထွေမန်နေဂျာများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပညာရည်ထူးချွန်ဆုရဝန်ထမ်းများ၏ သားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများ၏ နှစ်ပတ်လည်နေ့ အခမ်းအနားများကို ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ပြန်လည်သုံးသပ်

ပထမရည်ရွယ်ချက်မှာ ယမန်နှစ်၌ မိမိဌာနအတွက် သတ်မှတ်ပေးထားသည့် ရည်မှန်းချက် တာဝန်များကို မည်သည့် အတိုင်းအတာအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်၊ မည်သည့် အားသာချက်၊ အားနည်းချက်များ ရှိသည်တို့ကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်၌ ပိုမိုတိုးတက်အောင် စီမံဆောင်ရွက်သွားနိုင်ရေးအတွက် ဖြစ်ကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ ချီးမြှင့်ထိုက်သူများအား ဆုချီးမြှင့်ခြင်းဖြင့် ဌာနလုပ်ငန်းများ ပိုမို တိုးတက်ထက်မြက်လာစေရေးပင်ဖြစ်ကြောင်း၊ နှစ်ပတ်လည်နေ့ အခမ်းအနားများကို ရည်ရွယ်ချက်၊ ရည်မှန်းချက်များ စနစ်တကျချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှသာ ဌာနလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း။

ထူးထူးကဲကဲအောင်မြင်

ယမန်နှစ်ကကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ချမှတ်ပေးခဲ့သည့် လုပ်ငန်းတာဝန် (၈)ရပ်အနက် ဌာနအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရေးဟူသည့် လုပ်ငန်းတာဝန်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆင့်ဆင့်သော ဝန်ထမ်းများ၏ အသိစိတ်ဓာတ်ရှိရှိ၊ စိတ်ကောင်း စေတနာကောင်းရှိရှိဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်၂၁ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အားပေးပံ့ပိုးမှု၊ စေတနာရှင်ပြည်သူများ၊ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့အသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်း ထူးထူးကဲကဲ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဖြည့်ဆည်းမှုတစ်ရပ်ကို ပါဝင် ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းနိုင်ခြင်းပင် ဖြစ်ကြောင်း။

အားရကျေနပ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်က ချမှတ်ပေးခဲ့သော လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အားရကျေနပ်ဖွယ်ကောင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ယခုနှစ်တွင် ယခင်နှစ်က ချမှတ်ပေးခဲ့သည့် လုပ်ငန်းတာဝန် (၈)ရပ်အပြင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများအနေဖြင့် မိမိတို့နယ်မြေဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုသတင်းများကို အချိန်နှင့် တစ်ပြေးညီ ရယူတင်ပြရေးဟူသည့် လုပ်ငန်းတာဝန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ကျေပွန်အောင်ဆောင်ရွက်

နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်နေမှုများကို သိရှိနားလည်ပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများအနေဖြင့် ပကတိဖြစ်ရပ် အခြေအနေမှန်ကို သိရှိနားလည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထူးချွန်ဆုရသူများအတွက် ဝန်ကြီးဌာန၏ ချီးမြှင့်ငွေများကို ဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း စံပြခရိုင်ရုံးဆုရ မကွေးတိုင်း သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် နောင်နှစ်၌ ဌာနလုပ်ငန်းများကို မည်ကဲ့သို့ အောင်မြင်အောင်ဆောင်ရွက်သွားမည်ကို သုံးသပ်ညှိနှိုင်းဆွေးနွေးပြီး စီမံဆောင်ရွက်သွားကြရန်၊ ဆုရရှိသူများအနေဖြင့် ဆက်ကြိုးစားသွားကြရန်၊ ဆုမရရှိသေးသူများကလည်း ကောင်းသော ယှဉ်ပြိုင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထူးချွန်ဆုချီးမြှင့်

ထို့နောက် ထူးချွန်ဆုရရှိကြသူများအားဆုများ ချီးမြှင့်ရာဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ်(တတိယဆင့်)ရ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ စံပြခရိုင်ရုံးဆုရ မကွေးတိုင်း သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ စံပြမြို့နယ်ရုံးဆုရ ရေနံချောင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးလှရှိန်နှင့် သတင်းစာများတွင် သတင်းအများဆုံးဖော်ပြနိုင်သည့်ဆုရ ရန်ကုန်တိုင်းရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က မီဒီယာလုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံးဆောင်ရွက်နိုင်သည့် ခရိုင်ရုံးနှင့် မြို့နယ်ရုံးများကိုယ်စား မအူပင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးဝင်းရှိန်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရေး အများဆုံးဆောင်ရွက်နိုင်သည့် မြို့နယ်များနှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက် ရရှိရေး အများဆုံး စည်းရုံးဆောင်ရွက်နိုင်သည့် မြို့နယ်များကိုယ်စား ဟင်္သာတမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးမောင်မောင်ညွန့်နှင့် ငွေစာရင်းလချုပ် အချိန်မီ ပေးပို့နိုင်သည့် ခရိုင်ရုံးများကိုယ်စား သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်တို့အား ဆုများပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေက စာပေ၊ အားကစား၊ အနုပညာနှင့် သင်တန်းထူးချွန်ဆုရရှိသူများကိုယ်စား ဇီးကုန်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မာမာဦးနှင့် အဆင့်မြင့်ပညာထူးချွန်ဆုရရှိသူများ ကိုယ်စား ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်းမှ မောင်မင်းသူဟိန်းတို့အား ဆုများ ပေးအပ်သည်။

ချီးမြှင့်ငွေပေးအပ်

ဆက်လက်၍ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးသန်းထွန်းက အခြေခံပညာထူးချွန်ဆု ရရှိသူများကိုယ်စား တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မနန်းသူဇာလှိုင်အား ဆုများပေးအပ်ပြီး ဝန်ထမ်းများကိုယ်စား ဝန်ထမ်းဝတ်စုံအတွက် ထောက်ပံ့ငွေများကို ဦးစီးအရာရှိ (ငွေစာရင်း) ဦးတင်ဝင်းအား ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ထူးချွန်ဆုရသူများ အတွက် ဝန်ကြီးဌာန၏ ချီးမြှင့်ငွေများကို ဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်အား ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဆုရဝန်ထမ်းများနှင့် ပညာရည်ထူးချွန်ဆုရသူများကိုယ်စား သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ဝန်ထမ်းများအား လုပ်ငန်းထူးချွန်ဆု ၄၈ဆုနှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ထူးချွန်ဆု ၄၂ဆု စုစုပေါင်း ဆု၉၀ ချီးမြှင့်သည်။ **(သတင်းစဉ်)**

မင်းလှမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

မင်းလှမြို့နယ်အသင်း(ပဲခူးတိုင်း)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပရာ ဥက္ကဋ္ဌဒေါက်တာလှမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အသက် ၇၅နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်၄၅ဦးအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပြီး၊ နာယကဦးလှမိုး၊ ဥက္ကဋ္ဌ ဒေါက်တာလှမောင်နှင့်နာယကများက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်တို့၏ သားသမီးခြောက်ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်ကာ **(အပေါ်ပုံ)** နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြသည်။ **(က-ပ)**

အရင်းမပျောက် မတည်ငွေပေးအပ် စက်ချုပ်နှင့်ပန်းအလှပြင်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အရင်းမပျောက် မတည်ငွေပေးအပ်ခြင်း၊ စက်ချုပ်သင်တန်း(အဆင့်မြင့်)ပန်းအလှပြင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၉ရက် နံနက်၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ ဝင်းသူဇာအရောင်းဆိုင် မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၁၄ မြို့နယ်မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် အရင်းမပျောက် မတည်ငွေ ကျပ်တစ်သိန်းလေးသောင်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်ထံပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်သည့် အလှပြင်သင်တန်းကို လည်းကောင်း၊ စက်ချုပ်သင်တန်းကိုလည်းကောင်း ကြည့်ရှုကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မူကြိုကလေးငယ်များ၏ ကဗျာရွတ်ဆိုမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အထက(၂) ပန်းဘဲတန်း၌ ဇန်နဝါရီ ၁၅ ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဒေါ်ခင်မေအေးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံအုပ်၄၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားရေးအင်အားစုအဖြစ် ရပ်တည်ပြီး အကျိုးပြုနေ နိုင်ငံတော်သစ်ထူထောင်ရေး တည်ဆောက်ရေးမှူးကောင်းများအဖြစ်ခံယူ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး)သင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုစခန်းမဌာနကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး)သင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဝိုင်းဝန်းကြိုးပမ်း

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးသည် ပြည်သူအားလုံး လိုလားတောင့်တနေကြသည့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

ယင်း အမျိုးသားရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရေးအတွက် တိုင်းရင်းသားအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ်အခြေပြုထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် ပကတိအခြေအနေများအရ မည်သူကမျှ မငြင်းနိုင်သည့် သမိုင်းက ပေးအပ်လာသော အမျိုးသားရေးတာဝန်များပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး အကောင်အထည် ဖော်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ထူထောင်ရေးအတွက် တိကျသည့် ရည်မှန်းချက်ပန်းတိုင်၊ မွန်မြတ်မှန်ကန်သည့် မူ၊ လက်တွေ့ကျသည့်လမ်းစဉ် ဦးတည်ချက်များနှင့် စဉ်ဆက်မပြတ်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း။

မျက်မှောက်ကာလသည် ခေတ်ဟောင်း စနစ်ဟောင်းက ပြည်သူများ လိုလားသည့် ခေတ်သစ် စနစ်သစ်ကို ညင်သာစွာ အသွင်ကူးပြောင်းနေသည့် ကာလဖြစ်ကြောင်း၊ ခေတ်တစ်ခေတ်၏ အလှည့်အပြောင်းကာလကို ရောက်နေသည့်အချိန်ဖြစ်ကြောင်း၊ ပြည်သူများ လိုလားသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ရေရှည်ကို မျှော်မှန်းပြီး အကျိုးအရှိဆုံးရလဒ်များ၊ အခြေခံကောင်းများရရှိအောင် စဉ်တိုက်၊ ဆက်တိုက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နေသည့် ကာလလည်းဖြစ်ကြောင်း။

စဉ်ဆက်မပြတ်ဆောင်ရွက်

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဖြစ်လိုမှု၊ ဖြစ်ချင်မှု ဆန္ဒအလိုကိုလိုက်ပြီး စိတ်ကူးယဉ်မှုမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်း၌ ကြုံတွေ့ခဲ့ကြရသည့် အကောင်းအဆိုး ဖြစ်စဉ်များအပေါ် သင်ခန်းစာရယူပြီး အနာဂတ်ကာလမှာ ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီးကို ဦးတည်ရည်မှန်းပြီး လက်ရှိ ပစ္စုပ္ပန်ကာလတိုင်းမှာ အမှန်တကယ်ဖြစ်နိုင်သည့် ဖြစ်သင့်သည့်အတိုင်း စီမံချက်များချပြီး လက်တွေ့ကျကျ၊ တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သစ် ထူထောင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိတ်ကူးရလျှင် ရသလို၊ တစ်ပွဲထိုး၊ တစ်ချီကောင်း ထလုပ်၍မရဘဲ အတိတ်ကာလ၏ ကောင်းမွေ၊ ဆိုးမွေများအပေါ် သုံးသပ်အခြေခံပြီး ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးတည်ဆောက်နိုင်အောင် မျက်မှောက် ပစ္စုပ္ပန်ကာလတိုင်းမှာ အခြေခံကောင်း၊ ရလဒ်ကောင်းများရရှိရန် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ရည်မှန်းချက်ပန်းတိုင်

မိမိတို့တွင် တိကျသည့် ရည်မှန်းချက်ပန်းတိုင်ရှိပြီးဖြစ်ကြောင်း၊ မှန်ကန်သည့်၊ လက်တွေ့ကျသည့် လမ်းစဉ်၊ စေတနာပါသည့် အကောင်အထည်ဖော်မှု၊ အမြော်အမြင်ကြီးမားသည့် ဦးဆောင်လမ်းညွှန်မှုများဖြင့် ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်ကြိုးပမ်း အကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သည့်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စုစည်းညီညွတ်သည့်အားများနှင့် အကောင်အထည်ဖော်နိုင်ခဲ့ကြသည့်အတွက် တစ်နိုင်ငံလုံး မည်သည့်ခေတ် မည်သည့်အခါကနှင့်မှမတူသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေကြပြီဖြစ်ကြောင်း၊ မဝေးကွာသည့် အနာဂတ်ကာလတွင် ပေါ်ထွန်းလာမည့် အေးချမ်းသာယာသည့် ဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ ပုံရိပ်ကိုတွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

အကျိုးပြုနေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသည့် လူငယ်လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

အသင်းကြီးကို နိုင်ငံတော်အတွက် မွန်မြတ်မှန်ကန်သည့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေခံသည့် ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါးနှင့် တာဝန်ဝတ္တရား (၁၄)ချက်တို့ကို ပြဋ္ဌာန်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒေသအသီးသီးက ဆန္ဒအလျောက် ဝင်ရောက်လာကြသည့် ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် အသင်းကြီး၏ ဦးဆောင်မှုနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ကြရုံသာမက၊ လူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ လူမှုရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် ရပ်ရေး၊ ရွာရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားရေးအင်အားစုအဖြစ် ရပ်တည်ပြီး အကျိုးပြုနေကြပြီဖြစ်ကြောင်း။

သက်ဆိုင်ရာ နယ်မြေလူထု၏ ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိနေသည့်အတွက် အသင်းဝင်အင်အားသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်များပြားလာသည်ကို ဂုဏ်ယူအားတက်ဖွယ်ရာ တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ အသင်းဝင်များသည် ပြည်သူများနှင့် အနီးကပ်ဆုံး ထိတွေ့ပြီး၊ နိုင်ငံတော်သစ် ထူထောင်ရေးအတွက် တည်ဆောက်ရေးမှူးကောင်းများ၊ စည်းရုံးရေးမှူးကောင်းများအဖြစ် ခံယူအကောင်အထည်ဖော်နေကြသူများ ဖြစ်သည်ဆိုသည်ကို အစဉ် နှလုံးသွင်းထားကြရမှာ ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် တိုးတက်များပြားလာသည့် အသင်းဝင်များကို အရေအတွက်သာမက အရည်အချင်းနှင့် ပြည့်စုံအောင်လည်း ပြည်နယ်၊ တိုင်း၊ မြို့နယ်များအနေနှင့် ရော၊ ဗဟိုဌာနချုပ်အနေနှင့် လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ အရည်အချင်းပြည့်စုံသည့် အသင်းဝင်များအနေဖြင့် မိမိတို့၏ နယ်မြေဒေသအကျိုးကို ပိုမိုသယ်ပိုးရွက်ဆောင်နိုင်မှာဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးဆိုသည့် အသင်းကြီး၏ ဆောင်ပုဒ်အတိုင်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းပြည့်ဝပြီး ပြည်သူအကျိုးကို ပိုမိုသယ်ပိုးနိုင်ကြမှာဖြစ်ကြောင်း။

ပြည်သူ့အကျိုး

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေး၊ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်း အလေ့အကျင့်ကောင်း၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်ရေး၊ နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လက်ရှိပေါ်ပေါက်နေသောပြဿနာများအပေါ် မှန်ကန်စွာ အဖြေရှာနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမှာဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးမှုများကို အတွေ့အကြုံနှင့်ယှဉ်ပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူအကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး လေ့လာသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် မှန်ကန်သည့် ဦးတည်ချက်၊ လက်တွေ့ကျသည့် အကောင်အထည်ဖော်မှုများနှင့် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ကြရခြင်း ဖြစ်ကြောင်း၊ စနစ်တစ်ခုက စနစ်တစ်ခုကို ကူးပြောင်းရာတွင် ညင်သာစွာကူးပြောင်းနိုင်ရေးသည်လည်း အရေးပါကြောင်း၊ ကမ္ဘာ့ဖြစ်ရပ်များတွင် စနစ်တစ်ခုကနေ စနစ်တစ်ခုကို ကူးပြောင်းရာတွင် ညင်သာမှုမရှိသည့်အတွက် ထိန်းမနိုင် သိမ်းမရဖြစ်ပြီး ပစ်ခတ်မှုများ၊ ဖောက်ခွဲမှုများနှင့် ပြည်တွင်းစစ်ဖြစ်လုနီးပါး ဖြစ်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ပြည်သူများအတွက် အနိဋ္ဌာရုံဖြစ်ရပ်များ၊ နိုင်ငံအတွက် ပျက်စီးဆုံးရှုံးသည့် ဖြစ်ရပ်များဖြစ်ကြောင်း၊ ညင်သာစွာ အသွင်ကူးပြောင်းရေးသည် နိုင်ငံအကျိုး၊ ပြည်သူများအကျိုးအတွက် စေတနာပါသည့် လုပ်ဆောင်မှုများဖြစ်ကြောင်း။

ပိုမိုကြိုးပမ်း

နိုင်ငံတော်သစ် ထူထောင်ရာမှာ ရေရှည်တည်တံ့ခိုင်မြဲရန်၊ အစဉ် ဖွံ့ဖြိုးတိုးတက်နေရန်လည်း လိုကြောင်း၊ နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည် မြင့်မားရေးတို့သည် အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် အခြေခံအုတ်မြစ်များကို အချိန်အခါအလိုက်၊ နေရာအလိုက်၊ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအလိုက် အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးနေသည်ကို သိမြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းမှုရှိအောင်၊ ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းက စစ်မှန်သည့် ကိုယ်ပိုင်စွမ်းအားများဖြင့် အကောင်အထည် ဖော်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး ငါးရပ် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် အသင်းဝင်များပါဝင်သည့် ပြည်သူများစွမ်းအားကြောင့် နိုင်ငံတော်၏ သမိုင်းတစ်လျှောက်တွင် တည်ငြိမ်အေးချမ်းမှုအရှိဆုံး၊ ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးကာလကို ရောက်ရှိနေသည်ကို ဒေသအသီးသီးမှာရှိကြသည့် အသင်းဝင်များကိုယ်တိုင် ပြည်သူများနှင့်အတူ သိမြင် ထိတွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ထူထောင်ရေးသည် မှန်ကန်သည့်မူ၊ မှန်ကန်သည့် နည်းလမ်းများနှင့် ရရှိထားသည့်အခြေခံကောင်းများ လျော့နည်းဆုံးရှုံးမှုမရှိအောင် စဉ်ဆက်မပြတ် တိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရခြင်းဖြစ်သည့်အတွက် အသင်းဝင်အားလုံး ပိုမိုကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စည်းရုံးဆောင်ရွက်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည့်နည်းတူ တစ်ဖက်မှာလည်း အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကိုလည်း တစ်နိုင်ငံလုံးက ကိုယ်စားလှယ်များ အစုံအညီဖြင့် ကျင်းပနေပြီဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်မှ တစ်ပါးအခြားမရှိဟု ယုံကြည်ခံယူထားပြီး ဖြစ်ကြသည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကိုယ်တိုင်သာမက ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

အသင်းဝင်များသည် နိုင်ငံတော်၏ သမိုင်းရေးရာ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတကာအခြေအနေများကိုလည်း မှန်ကန်စွာ ရှုမြင်သုံးသပ်နိုင်ကြရမှာ ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးစ မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့်အစား ကျဉ်းမြောင်းသည့်ဝါဒစွဲ၊ လူမျိုးစွဲများကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားမှုများ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲများကြောင့် ပါတီအချင်းချင်း၊ ပါတီတစ်ခုတည်းအတွင်းက အုပ်စုကွဲအချင်းချင်း ပဋိပက္ခဖြစ်မှုများနှင့် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်ကာလမှာလည်း ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလို့ ကြွေးကြော်ပြီး အာဏာကို ဖြတ်လမ်းကရယူလိုသူများ၊ ပြည်တွင်းပြည်ပက သွေးထိုးလှုံ့ဆော်သူများ၏ ပယောဂကြောင့် စည်းမဲ့၊ ကမ်းမဲ့၊ ဥပဒေမဲ့၊ မင်းမဲ့စရိုက်ဆိုးများ ပေါ်ပေါက်ခဲ့ရပြီး ခေါင်းဖြတ် လူသတ်မှုများနှင့် ဖျက်ဆီးမှုများကြောင့် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း။

ကာကွယ်တိုက်ဖျက်

လက်ရှိကာလမှာလည်း အပြုသဘောမဆောင်သည့်၊ စေတနာမမှန်သည့် ပြည်တွင်းပြည်ပက အဖျက်လုပ်ရပ်များကို အမှန်အတိုင်း သိမြင်နေကြပြီဖြစ်ကြောင်း၊ အကြမ်းဖက်သည့် လုပ်ရပ်များ၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် လုပ်ရပ်များ၊ တည်ငြိမ်မှုကို ပျက်ပြားစေသည့်လုပ်ရပ်များသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆိုးကျိုးကိုသာဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ အကြမ်းဖက် ဖောက်ခွဲသည့် လုပ်ရပ်များသည် သေကျေဒဏ်ရာရမှုနှင့် ပျက်စီးမှုများသာ ပေါ်ပေါက်စေမှာဖြစ်ကြောင်း၊ မဟုတ်မမှန် စွပ်စွဲ ပိတ်ဆို့အရေးယူမှုစသည့် လုပ်ရပ်များသည် နိုင်ငံသားများ၏ စီးပွားရေးနှင့် လူမှုရေးဘဝ ထိခိုက်နစ်နာမှုကိုသာ ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ တည်ငြိမ်မှုကို ပျက်ပြားစေသည့်၊ ဆူပူအုံကြွမှုဖြစ်အောင် ဖန်တီးသည့် လုပ်ဆောင်မှုများသည် အေးချမ်းသာယာမှုကို ပျက်ပြားပြီး လူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုကိုသာ ပေါ်ပေါက်လာစေမှာ ဖြစ်ကြောင်း၊ အမှားနှင့်အမှန်၊ အပြုနှင့်အဖျက်၊ အဆိုးနှင့်အကောင်းကို ပြည်သူများ အမှန်အတိုင်း သိမြင်နေကြပြီဖြစ်ကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

23-1 (05) 1 1/23/07, 2:33 PM

ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂) သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာ့အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာဖြေရှင်းသင့် ပြည်ပမှဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံနိုင် အမျိုးသားညီလာခံတွင် ဆွေးနွေးခြင်းသည် အမှန်အကန်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

၁။ နိုင်ငံတော်သည် လွတ်လပ်ရေးရချိန်မှစ၍ ပြည်တွင်းပဋိပက္ခတို့နှင့် ကြုံတွေ့ကာ တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ကြရာ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့သော်လည်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုကို တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါ။

စာမျက်နှာ ၇ ကော်လံ ၁ ■

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ကြေညာချက်

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂကိုအသုံးချနေချိန် ဝမ်းသာအားရထောက်ခံနေကြသည့် အမျိုးသားသစ္စာဖောက်များအား ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင် ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးအစီအစဉ်တွင်

စာမျက်နှာ ၇ ကော်လံ ၄ ❍

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်တိုင်းရင်းသားအဖွဲ့ ကြေညာချက်

မိမိတို့ရရှိနေသော တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု စည်းလုံးညီညွတ်မှုများကို နှောင့်ယှက်ထိခိုက်လာနိုင်သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ ဝင်ရောက်စွက်ဖက်မှုအစီအစဉ်အား ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်တိုင်းရင်းသားအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်တိုင်းရင်းသားအဖွဲ့၏ သဘောထားကြေညာချက်(၁/၂၀၀၇)

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးမည့်အစီအစဉ်၌ထည့်သွင်းရန် အမေရိကန်ကိုယ်စားလှယ်၏

စာမျက်နှာ ၇ ကော်လံ ၁ ✡

မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ ကြေညာချက်

မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏တင်သွင်းမှု အောင်မြင်မှုမရှိဘဲ ပျက်ပြားသွား၍ မြန်မာပြည်သူများနှင့်အတူ မြန်မာနိုင်ငံပြီဟု ဂုဏ်ယူ

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၁၉ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မမှန်မကန် အကြောင်းပြချက်များ ဖော်ပြ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်

စာမျက်နှာ ၇ ကော်လံ ၄ ❒

မွန်ငြိမ်းချမ်းရေးအဖွဲ့ (မြိတ်ဒေသ) သဘောထား ကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စကို ပြည်ပမှဝင်ရောက်စွက်ဖက်နေမှုနှင့် ဖြေရှင်းနေမှုတို့ကို လက်မခံနိုင်၊ ရှုတ်ချကန့်ကွက် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မွန်ငြိမ်းချမ်းရေး အဖွဲ့(မြိတ်ဒေသ)က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၁၈–၁–၂၀၀၇

၁။ လုံခြုံရေးကောင်စီအစီအစဉ်တွင် မြန်မာ့အရေးကိစ္စရပ်များအား တင်သွင်းမှုကို မိမိတို့အဖွဲ့က ကန့်ကွက်ရှုတ်ချခဲ့ပြီး ဖြစ်ပါသည်။ မိမိတို့အဖွဲ့က ကန့်ကွက်ရှုတ်ချသလို အများပြည်သူတစ်ရပ်လုံးကလည်း ကန့်ကွက်ရှုတ်ချခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့ သဘောထားကြေညာချက်

ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အင်အားကြီးပြည်ပနိုင်ငံများမှ မြန်မာ့အရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာရန် ကြိုးပမ်းအားထုတ်နေခဲ့ကြသည့် ပြည်တွင်းပြည်ပအမျိုးသားသစ္စာဖောက်များ၏လုပ်ရပ်ကို ရှုတ်ချကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်မှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့၏ သဘောထား

ယခုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း အေးချမ်းတည်ငြိမ်လျက်ရှိပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို

စာမျက်နှာ ၇ ကော်လံ ၄ ✻

■ *စာမျက်နှာ ၆ မှ*

၂။ ယခုအခါ နိုင်ငံတော်အစိုးရလက်ထက်တွင် ကျွန်တော်တို့နှင့် ပြည်သူများ လိုလားတောင့်တ မျှော်လင့်နေသည့် တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများကို တည်ဆောက်ဖွံ့ဖြိုး တိုးတက်စေခဲ့သည်။

၃။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် မြန်မာနိုင်ငံ၏အခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းကို မိမိတို့အဖွဲ့အနေဖြင့် စက်တင်ဘာလ ၂၆ရက်နေ့တွင် ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်၏ ပကတိအခြေအနေများကို လျစ်လျူရှုပြီး မထီမဲ့မြင်ပြုခဲ့ခြင်းကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကန့်ကွက်ခဲ့သည့်အပြင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန့်ကျင်ကန့်ကွက်မှုကိုလည်း ခံခဲ့ရသည်။

၄။ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် မိမိတို့နိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားကိစ္စ၊ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စ၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါ၊ မူးယစ်ဆေးဝါးကိစ္စတို့ကို အကြောင်းပြု၍ ဒေသတွင်းလုံခြုံရေးကို ထိခိုက်နေကြောင်း၊ မမှန်မကန် တစ်ဖက်သတ်စွပ်စွဲမှုဖြင့် လုံခြုံရေးကောင်စီတွင် ဆက်လက်တင်သွင်းဆွေးနွေးခဲ့သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံ တို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံတို့ကလည်း အမေရိကန်နှင့်အပေါင်းပါတို့ကို ထောက်ခံမှုမပြုဘဲ ကြားနေခဲ့ကြသည်။ ယင်းသည် ၁၉၇၂ ခုနှစ်မှ ယနေ့အထိ လုံခြုံရေးကောင်စီတွင် မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းနေသည့် ပကတိအခြေအနေအား သိရှိပြီး နားလည်စာနာမှု အပြည့်အဝဖြင့် ထောက်ခံမှုပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား မိမိတို့အဖွဲ့မှ ကျေးဇူးတင်ရှိပါကြောင်းနှင့် အမေရိကန် နှင့် အပေါင်းပါတို့အား ကန့်ကွက်ကြောင်းကို ဖော်ပြအပ်ပါသည်။

၅။ မြန်မာ့အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဆွေးနွေးဖြေရှင်းသင့်သော ကိစ္စဖြစ်ပါ၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံတွင် တိုင်းရင်းသားအရေး၊ နိုင်ငံအရေးတို့ကို ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်တော်တို့ယုံကြည်မှု အပြည့်အဝဖြင့် သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးကျောက်ညီလိုင်
ရှမ်းမြောက်အထူးဒေသ(၂)

✡ *စာမျက်နှာ ၆ မှ*

အဆိုတင်သွင်းမှုအပေါ် မိမိတို့အဖွဲ့က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ခဲ့ပါသည်။ အမေရိကန်ဦးဆောင်သည့် အဖွဲ့သည် မိမိတို့နိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းကို လုံခြုံရေးကောင်စီသို့ ဆက်လက်တင်သွင်းခဲ့မှုကိုလည်း မိမိတို့အဖွဲ့က ကန့်ကွက်ကြောင်း သဘောထား ထုတ်ပြန်ပါသည်။

၂။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် မြန်မာပြည်တွင်းရှိ အလွှာစုံပြည်သူများက အမျိုးသားညီလာခံတွင် စုစည်းအဖြေရှာလျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ပါသည်။

၃။ ယခုမျက်မှောက်ကာလတွင် မိမိတို့ရရှိနေသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှု စသည့် ရလဒ်ကောင်းများကို နှောင့်ယှက်ထိခိုက်လာနိုင်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ ဝင်ရောက်စွက်ဖက်မှုအစီအစဉ်အား ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်းနှင့် မြန်မာနိုင်ငံအခြေအနေကို နားလည်သဘောပေါက်၍ ထောက်ခံရပ်တည်ပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးအိုက်မုန်း။

● *စာမျက်နှာ ၆ မှ*

၂။ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာနိုင်ငံ၏အရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားများ ဖမ်းဆီးထားရှိမှု၊ လူ့အခွင့်အရေး ချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါး တားဆီးနိုင်ခြင်း မရှိမှုစသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် ကြိုးစားခဲ့ကြသဖြင့် အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ၁၂-၁-၂၀၀၇ရက်နေ့က လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချခဲ့ကြောင်းသိရှိရပါသည်။

၃။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည် ဆိုသည်မှာ မမှန်မကန် စွပ်စွဲမှုသာဖြစ်သောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပါသည်။ အခြေအနေမှန်ကို သိရှိနားလည်သော မြန်မာနိုင်ငံအား ထောက်ခံပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား မြန်မာနိုင်ငံသားများအားလုံးနှင့် ထပ်တူ မိမိတို့အဖွဲ့ကလည်း အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

၄။ သို့ပါ၍ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟု ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်နေမှု၊ ဖြေရှင်းမှုတို့ကို လက်မခံနိုင်ကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။ **ဦးအောင်သိုက်ဟင်း။**

❍ *စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာနှင့်အိမ်နီးချင်းနိုင်ငံများ၏လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် ထည့်သွင်းဆွေးနွေးရန် တောင်းဆိုကြိုးပမ်းခဲ့ပါသည်။ အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေးတင်သွင်းသည့် မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Vetoသုံး၍ ကန့်ကွက်ပယ်ချခြင်းအား အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့်အတူ မြန်မာပြည်သူတို့၏ အောင်ပွဲအဖြစ် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ထောက်ခံကြိုဆိုပါသည်။

အမေရိကန်နှင့်ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချနေချိန်တွင် ပြည်တွင်းမှပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များ၊ ပြည်တွင်းပြည်ပ အဖျက်သမားများကလည်း နိုင်ငံတော်ပျက်စီးရေး၊ ဖြတ်လမ်းမှ အာဏာရရှိရေးတို့အတွက် ဝမ်းသာအားရ ထောက်ခံနေကြခြင်းအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်ပြည်သူများ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး လုပ်ဆောင်နေခြင်းများကို အင်တိုက်အားတိုက် ထောက်ခံပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏အခြေအနေမှန်ကို သိရှိနားလည်စာနာပြီး Double Vetoအာဏာဖြင့် ပယ်ချပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများနည်းတူ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဒေါက်တာခင်ရွှေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း။

❒ *စာမျက်နှာ ၆ မှ*

ဆုံးဖြတ်ချမှတ်နိုင်ရန် တင်သွင်းခဲ့ပါသည်။ ယင်းတင်သွင်းချက်နှင့် ပတ်သက်၍ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့က မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအကြောင်းကို အမှန်သိမြင်ကြသော မိတ်ဆွေနိုင်ငံများ၏ ဗီတိုအာဏာ ကန့်ကွက်မဲတို့ကြောင့် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားရကြောင်းသိရှိရ၍ မြန်မာပြည်သူများနှင့်အတူ မြန်မာနိုင်ငံပြီဟု ဂုဏ်ယူရင်း အမှန်တရားဘက်မှ ရပ်တည်ခဲ့သည့်နိုင်ငံများအား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း။

✳ *စာမျက်နှာ ၆ မှ*

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။

ထို့နည်းတူ အမျိုးသားညီလာခံကျင်းပပြီး နိုင်ငံတော်အခြေခံဥပဒေရေးဆွဲနေချိန်တွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်း တင်သွင်းခြင်းအပေါ် ကျွန်ုပ်တို့အဖွဲ့အစည်းနှင့် ပြည်သူတစ်ရပ်လုံးမှ ကန့်ကွက်သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့ကလည်း ကန့်ကွက်ခဲ့ကြပါသည်။

ထိုကဲ့သို့ ကန့်ကွက်နေသည့်ကြားမှ မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်နေမှု၊ HIV ၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်မကန်သော အကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားကာ ယခုကဲ့သို့ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မိမိပြည်တွင်းရေးသည် မိမိတိုင်းပြည်နှင့် သက်ဆိုင်ပြီး ပြည်ထောင်စုကြီး ပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုပျက်အောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ပျက်စီးအောင် မည်သူမျှလုပ်ဆောင်၍ ရမည်မဟုတ်ကြောင်း၊ တပ်မတော်၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲကာ တက်ညီလက်ညီ အသက်ပေးကာကွယ်သွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်းကောင်း၊ အင်အားကြီးပြည်ပနိုင်ငံကြီးများကလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်တောင်းဆိုနေခဲ့ကြသည့် ပြည်တွင်း ပြည်ပ ဒီမိုကရေစီလှုပ်ရှားသူများ အမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်အားလည်းကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်ရှိမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသား လုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ အဆိုပါ မှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအား လည်းကောင်း ကျွန်ုပ်တို့အဖွဲ့အစည်းမှ ပြစ်တင်ရှုတ်ချကန့်ကွက်ပါသည်။

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟုယုံကြည်၍ ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

ဦးလဆန်အောင်ဝါ
ငြိမ်းချမ်းရေးအဖွဲ့

ကာကွယ်ဆေးထိုးနှံ

ဇန်နဝါရီ ၁၉ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို (၂)ရပ်ကွက်တွင် ငါးနှစ်အောက် ကလေးများအား ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်း၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်သန်းသန်းစိန်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(က-ပ)

လှိုင်သာယာမြို့နယ် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ပူးပေါင်း၍ ဇန်နဝါရီ ၇ရက်က အမှတ် (၁၁) ရပ်ကွက်အတွင်း တစ်အိမ်တက် ဆင်းမီးသုံးစွဲမှုစစ်ဆေး သတိပေးခြင်း ဆောင်ရွက်ကြစဉ်။

(ပြန်/ဆက်)

23-1 (07) 1 1/23/07, 2:33 PM

■ ကျောဖုံးမှ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းနှင့်အတူ Vice Chairman of the Financial and Economic Affairs Committee (NPC) H.E. Mr. Yang Zhengwu၊ Vice Chairman of the Environmental Protection and Resources Conservation Committee, (NPC) H.E. Mr. Can Bochun၊ Vice Chairman of the Financial and Economic Affairs Committee(NPC) H.E Mr. Shi Xiushi၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အကြိုလုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏နှစ်ပတ်လည်အကြို လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲက အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနကြီးနှင့် လုပ်ငန်းဌာန ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

အကြို လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများက စည်းရုံးရေးဆိုင်ရာ လျာထားသည့် လုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လျာထားသည့်လုပ်ငန်းစဉ်များ၊ ဘဝလုံခြုံရေးဆိုင်ရာ လျာထားသည့် လုပ်ငန်းစဉ်များ၊ လူမှုစီးပွား မြှင့်တင်ရေးဆိုင်ရာ လျာထားသည့် လုပ်ငန်းစဉ်များကို အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်ကြပြီး ဆွေးနွေးချက်များကို တင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ရဲနွယ်ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀ ၆။ ခံစားနားဆင်တေးဂီတဝင်
၁၇:၂၀ ၇။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၇:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄၅)
၁၈:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမငယ်ပါသေး"** (အပိုင်း-၁၀)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၁၈)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၅ မှ

နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးမဲ့သည့် အဖျက်လုပ်ရပ် များကို အသင်းဝင်များက ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းကာကွယ် တိုက်ဖျက်သွားကြရန် မှာကြားလိုကြောင်း။

အမျိုးသားရေးအကျိုးစီးပွား

မိမိတို့ အားလုံးသည် အမိပြည်ထောင်စု၏ ပိုင်နက်နယ်မြေတွင် မွေးဖွားသန့်စင်လာကြသူများ ဖြစ်ကြကြောင်း၊ အမိမြေ၏ရေကို သောက်၊ အမိမြေကရသည့် အာဟာရကို စားပြီး၊ အမိမြေ၏ အရိပ်အာဝါသအောက်တွင် ရှင်သန်ကြီးထွားလာကြသူများ ဖြစ်ကြကြောင်း၊ အမိမြေ၏ ကျေးဇူးသစ္စာကို စောင့်သိကြရမှာ ဖြစ်ကြောင်း၊ အမိမြေ၏ အမျိုးသားအကျိုးစီးပွားအတွက် မှန်ကန်သည့်လုပ်ရပ်များဖြင့် အကျိုးပြုကြရမှာဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် ရပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြည်သူများနှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ သင်တန်းကပို့ချလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့၏ အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး နယ်မြေလူထုအကျိုးအတွက် ရှာဖွေဆောင်ရွက်သွားကြပါ။ အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကျိုးရှိသည့် အကောင်အထည်ဖော်မှုများနှင့် နယ်မြေလူထုအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထွန်းကားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တွေ့ကြုံရမည့် မည်သည့်အနှောင့်အယှက် အခက်အခဲ၊ အဖျက်အဆီး၊ အဟန့်အတားမျိုးကိုမဆို အသင်းဝင်များနှင့် ပြည်သူများ၏ စည်းလုံးမှုစွမ်းအားဖြင့် ကာကွယ်တိုက်ဖျက်သွားကြပါ။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြပါလို့ မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ ဘေးကြီးလေးပါးတရားတော် (အရှင်ဇဝန) (မေတ္တာရှင်၊ ရွှေပြည်သာ)
၈:၀၅ အရှိန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာကူးပြောင်းရေး
၈:၁၀ Music Gallery (အထူးမင်္ဂလာစုံတွဲ ကျက်သရေဆောင်မင်္ဂလာတေး) (တွံတေးသိန်းတန်-မေဆွိ)
၈:၄၀ လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ဇမ္ဗူတလူရုပ်ရှင်ထုတ်လုပ်ရေးမှ သရုပ်ဆောင်နှင့် ဇာတ်ကားသစ်များ စာနယ်ဇင်းမိတ်ဆက်ပွဲ)
၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ တေးဂီတအစီအစဉ်
၉:၂၅ Sunday Talk
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ ဂေါက်ရိုက်ကြရအောင်
၁၀:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ မိုးလေဝသခန့်မှန်းချက်
၁၁:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဒေါက်တာဉာဏ်သိန်း) (အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ သိကောင်းစရာများ)
၁၁:၄၀ စည်းကမ်းလိုက်နာ ဘေးကင်းကွာ **"လူကူးမျဉ်းကျား‌က ကူးမယ်"**
၁၁:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၂:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅ မြင်ကွင်းများစွာ ကြည်လင်စေဖို့
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို
နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိတစ်ကြိမ်
လေးကြိမ်ဆက်တိုက်
၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။
MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

STI Education သင်တန်း နှစ်ပတ်လည်နှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

STI Education သင်တန်းနှစ်ပတ်လည်နှင့် သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁နာရီတွင် Parkroyal Hotel ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကားပြော

အဆိုပါအခမ်းအနားတွင် STI Education မှ Associate Administrator, Ms. Kllie Keenan က မကြာမီဖွင့်လှစ်မည့် Diploma in Logistics Management (DLM) သင်တန်းအကြောင်းနှင့် စပ်လျဉ်း၍ မိတ်ဆက်ပြောကြားပြီး London Teacher Training College မှ Associate TESOL Advisor, Dr. Alan Richardson က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အင်္ဂလိပ်စာဆရာဖြစ် ဒီပလိုမာသင်တန်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှုဒီပလိုမာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းနှင့် အင်္ဂလိပ်စာဆက်သွယ်ပြောဆိုမှုဆိုင်ရာ သင်တန်းတို့မှ သင်တန်းဆင်းကိုယ်စားလှယ် တစ်ဦးစီက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ယင်းနောက် သင်တန်းဆင်းလက်မှတ်ရရှိသူ ၆၀တို့အား နည်းပြဆရာ ဆရာမများက သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ပူးပေါင်းဖွင့်လှစ်

STI Education သည် အင်္ဂလိပ်ဘာသာ ဆက်သွယ်ပြောဆိုမှု သင်တန်းများ၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှုဒီပလိုမာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာ သင်တန်းနှင့် Logistics Management သင်တန်းများကို စင်ကာပူနိုင်ငံနှင့် အင်္ဂလန်နိုင်ငံရှိ ကျောင်းများနှင့် ပူးပေါင်းဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဆက်သွယ်နိုင်

STI Education မှ ဖွင့်လှစ်သည့် သင်တန်းများသို့တက်ရောက်သင်ကြားလိုသူများသည် STI Education သင်တန်း အဆောင်(၄)၊ အခန်း(၇) Myanmar Info-Tech ဖုန်း ၀၁-၅၀၇၀၄၆နှင့်၅၀၇၀၄၈တို့သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၆ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၈၄၈မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၃၁မှု အလေးချိန် ၂၃၁၁ဒသမ ၃၄၈၆ကီလို၊ ဘိန်းဖြူ ၁၀၅၀မှု အလေးချိန် ၁၉၂ ဒသမ ၃၃၂၉ ကီလို၊ ဘိန်းညို လေးမှု အလေးချိန်၁၃၇၀ ဒသမ ၈၃၅ကီလို၊ ဘိန်းဆီ ၁၀၃မှု အလေးချိန် ၂၈ ဒသမ ၉၆၃၆ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃၄မှု အလေးချိန် ၆၁၅၃ ဒသမ ၆၄၉၇ ကီလို၊ ဆေးခြောက် ၁၆၁ မှု အလေးချိန် ၇၂ ဒသမ ၇၃၉၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၆မှု ဆေးပြား ၁၉၀၆၅၅၂၀၊ အက်ဖီဒရင်းနှစ်မှု အလေးချိန် ၁၂၈၇ ဒသမ၄၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့်ရှစ်မှု အလေးချိန် ၁၃၆ ဒသမ ၂၈၇၅ ကီလို၊ ဘိန်းစာမှုန့် ၁၁၉ မှု အလေးချိန် ၃၃၈ ဒသမ ၁၄၆၇ ကီလို၊ ချောင်းဆိုးပျောက် ဆေးရည်ပမာဏ ဒသမ ၂၂၅ လစ်တာ၊ စိတ်ကြွရူးသွပ် ဆေးခဲ(အိုက်စ်)သုံးမှု အလေးချိန် ၃ဒသမ၂၂၆၈ ကီလို၊ အက်တက်စီဆေးပြားသုံးမှု ၆၇ ပြား၊ ဒိုင်ယာဇီပမ် ဆေးပြားနှစ်မှု ၅၃၇၂ပြား၊ ကက်တမင်းဆေးမှုန့်နှစ်မှု အလေးချိန်၁၇ ဒသမ၀၀၁ကီလို၊ ကက်တမင်း ထိုးဆေးနှစ်မှု ၃၉၅ ပုလင်း၊ မော်ဖင်းထိုးဆေးနှစ်မှု ၁၂၉ ပုလင်း၊ ကေဖင်းတစ်မှု အလေးချိန် ၂၂၄၆ ဒသမ ၃ ကီလို၊ လိုရာဇီပမ် ဆေးပြားငါးမှု ဆေးပြား၂၃၀၂၄၀၊ အယ်ပရာဇိုလမ်ဆေးပြားနှစ်မှု၊ ဆေးပြား ၆၇၉၀၊ ဗြူပရီနော်ဖင်း ဆေးပြား ၁၀၉၀၀၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်ပမာဏ ၁၄၀၁ ဒသမ ၃၂ လစ်တာ၊ ဓာတုဆေးရည်လေးမှု ၁၅၄၁၈ ဒသမ၂၂၅ လစ်တာ၊ ဓာတုဆေးမှုန့်နှစ်မှု အလေးချိန် ၄၁၈၀ ဒသမ ၃၃ ကီလို၊ မှတ်ပုံတင်ပျက် ၇၆ မှု၊ အခြားအမှု ၁၄၆ မှုတို့ဖြစ်၍ တရားခံ ကျား ၃၅၅၉ ဦး၊ တရားခံမ ၈၀၁ ဦး စုစုပေါင်းတရားခံ ၄၃၆၀တို့အား ဥပဒေအရ အရေးယူခဲ့သည်။

လျော့နည်းဖမ်းဆီးရမိ

၂၀၀၆ ခုနှစ်တွင် ၂၀၀၅ ခုနှစ်ထက် ဘိန်းအလေးချိန် ၁၅၃၈ ဒသမ ၆၂၄၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၁၄၀၁၁ ပြား၊ အက်ဖီဒရင်း အလေးချိန် ၉၆၂ ဒသမ ၃၅၃၅ ကီလို ပိုမိုဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူအလေးချိန် ၆၁၉ ဒသမ ၃၅၉၁ ကီလို၊ ဆေးခြောက်အလေးချိန် ၅၃ ဒသမ ၆၄၇၉ ကီလို၊ အက်စစ်တစ်အင်ဟိုက် ဒြိုက်ပမာဏ ၂၃၆ ဒသမ ၆၈ လစ်တာ၊ ဓာတုဆေးရည် ပမာဏ ၈၀၃ ဒသမ ၁၇၅ လစ်တာ လျော့နည်းဖမ်းဆီးရမိခဲ့သည်။ ၂၀၀၆ ခုနှစ်အတွင်း အမှုပေါင်း ၂၃၀၊ တရားခံပေါင်း ၃၉၁ဦး လျော့နည်းဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီစည်းဝေး ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ရေးလစ်ဟာမှုမရှိအောင်ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၂

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ကျင်းပရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးမှာ နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေး တစ်ခုနှင့်တစ်ခုအကြား လုပ်ငန်းဆပ်ကော်မတီ အသီးသီးအနေဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြချက်များအရ သိရှိရကြောင်း၊ ယခုအစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စများကို ဆွေးနွေးတင်ပြသွားကြရန်ဖြစ်ကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ ခြိုးခြံချွေတာ သုံးစွဲကြရန် အထူးပြောကြားလိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ဆပ်ကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များသည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ် အောင်မြင်ရေးကို အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျွေးမွေးဧည့်ခံရေးတို့ကို လစ်ဟာမှု မရှိစေရအောင် အဘက်ဘက်က ပြည့်စုံစေရအောင် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းကြရန် ဖြစ်ကြောင်း။

ဆွေးနွေးမှာကြား

ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားစီစဉ်ရေး၊ ညစာစားပွဲ တည်ခင်းရေး ကိစ္စများကို ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဖြည့်စွက်တင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့်စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၆ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း တြိဂံဒေသ တိုင်းစစ်ဌာနချုပ် နယ်မြေ၌ အက်စ်အက်စ်အေ(ရွှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အိုက်ကွန်သည်လည်းကောင်း၊ ရင်း(၆၇၀)မှ တပ်သားအိုက်ရွတ်နှင့် အိုက်ဖန်တို့သည် လက်ပစ်ဗုံးနှစ်လုံးဖြင့် လည်းကောင်း၊ တပ်မဟာ(၇၂၇) ရင်း(၄၅)မှ တပ်ကြပ်အဆင့်ရှိ စိုင်းအောင်မိန်းသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်တို့ဖြင့်လည်းကောင်း။

အရှေ့ပိုင်းတိုင်း

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ၌ အက်စ်အက်စ်အေ(ရွှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ ခွန်ဆန်ယုံဟုန်း စစ်ကြောင်းမှ တပ်သား စိုင်းတာသည် အမ်(၂၂) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်လေးခု၊ ၎င်းကျည်တောင့် ၁၉၀၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း၊ ဗဟိုဌာနချုပ်မှ တပ်သား စိုင်းမောင်နှင့် စိုင်းဇောတိကတို့သည် လည်းကောင်း၊ ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ဒါးရက်သည် အမ်အေ(၃) သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၄၉တောင့်တို့ဖြင့် လည်းကောင်း၊ အရာခံဗိုလ်အဆင့်ရှိ စောထူးသည် ကာဘိုင်တစ်လက်၊ ကျည်အိမ်မျိုးစုံနှစ်ခု၊ ကျည်မျိုးစုံ အတောင့် ၃၀ တို့ဖြင့် လည်းကောင်း၊ တပ်သားတော်ရက်သည် အေကေ (၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၄၉တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်း တစ်လုံးတို့ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ၌ အေဘီအက်စ် ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၃)မှ တပ်သား ဝင်းဆန်းသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ ရင်း(၂၀၉)မှ စည်းရုံးရေးတာဝန်ခံ ရဲထွဋ်ခေါင်သည် လည်းကောင်း။

ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်မြေ၌ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား စောတာမလာဝေးသည် လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်း

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၂၀၃) ခွဲ(၂)မှ တပ်ကြပ်ကြီးအဆင့်ရှိ ဘခက်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ တပ်မဟာ(၄)မှ ရိက္ခာ/ဆက်ကြေး တာဝန်ခံ ဦးစောရူးနှင့် ဦးနိုးရီတို့သည် အမ်(၁) သေနတ်တစ်လက်နှင့် ၎င်းကျည် ၂၅ တောင့်တို့ဖြင့် လည်းကောင်း၊ စာရေးအဆင့်ရှိ တယ်ရီခင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ငါးတောင့်တို့ဖြင့် လည်းကောင်း၊ တပ်မဟာ(၄)၊ ရင်း(၁၀)မှ ဒုတပ်ကြပ်အဆင့်ရှိ စောလင်းသိန်း၊ တပ်သား စောဘချော၊ စောနိုင်နိုင်နှင့် စောဘထွန်းတို့သည် ကာဘိုင်တစ်လက်၊ အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၂၂ တောင့်တို့ဖြင့် လည်းကောင်း၊ မွတ်ဆလင်တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အတ်မဒ်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ခုနစ်တောင့်တို့ဖြင့်လည်းကောင်း၊ ဂေါ့အာမီတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား မဲတလဲ၊ စောကျော်ဆဲနှင့် စောမားဒေး တို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၆ တောင့်တို့ဖြင့် လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လှိုက်လှဲစွာ

အဆိုပါလများအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြသူ စုစုပေါင်း ၂၅ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်အကျဉ်းထောင်မှအကျဉ်းသူများ၏ကလေးများ ဝက်သက်ကာကွယ်ဆေးထိုး၊ ကျန်းမာရေးပညာပေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၂

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသော အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးများအား ၂၀၀၇ခုနှစ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးအစီအစဉ်ကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်းအတွင်းရှိ အောင်ဇေယျခန်းမ၌ ယနေ့နံနက် ၇နာရီမှစ၍ ဆောင်ရွက်ရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်နွယ်နီစမ်း၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ဝဲပုံ)**

အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်မြင့်မြင့်သန်းနှင့် ကျန်းမာရေး ဝန်ထမ်းများက ဝန်ထမ်းမိသားစု၂၆၁ဦး၊ အင်းစိန် အကျဉ်းထောင်မှ အကျဉ်းသူ၄၀တို့၏ ကလေးများ စုစုပေါင်း ကလေး ၃၀၁ဦးအား ကာကွယ်ဆေးထိုးပေးပြီး ကလေးမိခင်များအား ကျန်းမာရေးပညာပေးဆိုင်ရာ သတင်းမှတ်တမ်းများ ပြသခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့ ပြုလုပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးဝဏ္ဏအေးမင်း(ACA) ပညာရိပ်ငြိမ်သည် ကစားဖော်များဖြစ်ကြသော ဦးထင်ကျော်လတ်၊ အောင်အောင်သက်ဦးတို့နှင့်အတူ ဇန်နဝါရီ၁၆ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Titleist Pro V1 No.3 ဘောလုံးကို Wilson Deep Red (2) Iron No.8 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ကိုက်ရှိ ကျင်းအမှတ်(၂)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။

(က-ပ)

ထူးခြားသည့် ညအပူချိန်များ

၂၂-၁-၂၀၀၇

ဟားခါး	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း၊ ဟဲဟိုး၊ မိုးကုတ်	၂ ဒီဂရီစင်တီဂရိတ်
လားရှိုး	၃ ဒီဂရီစင်တီဂရိတ်

(မြန်မာ့အလင်း)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးသို့

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမဆို နိုင်ငံကြီးပွား တိုးတက်ချမ်းသာစေရန် ကြိုးပမ်းကြရာတွင် hi-tect products များ ပြုလုပ်ရောင်းချခြင်း၊ လေယာဉ်၊ သင်္ဘောများ တည်ဆောက်ရောင်းချခြင်း အပါအဝင် heavy industries ခေါ် အကြီးစား စက်မှုလုပ်ငန်းကြီးများမှာ အရေးပါလှသကဲ့သို့ ကျေးလက် ဖွံ့ဖြိုးရေးမှာလည်း မရှိမဖြစ်လိုအပ်သည်ဟု ဆိုကြပါသည်။ Without rural development, no urban development can be brought about. ကျေးလက်ဖွံ့ဖြိုးမှုမရှိဘဲ မြို့ပြဖွံ့ဖြိုးမှုကို ဖော်ဆောင်၍ မရနိုင်ဟု ဆိုထုံးပြုကြပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အခါ ကျေးလက်ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက် ကြိုးပမ်းလာကြကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဖော်ဆောင် ပေးခဲ့သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအရ ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်တကွ ကျေးလက်မီးလင်းရေးနှင့် ကျေးရွာစာကြည့်တိုက်ထူထောင်ရေးတို့ကိုပါ ယှဉ်တွဲမြှင့်တင်ဖော်ဆောင်ပေးလျက် ရှိနေပါသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးကို စတင် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်ကြရာတွင် ပုံစံတစ်ခုဖြစ်သော ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး OVOP လှုပ်ရှားမှုကို ဂျပန်နိုင်ငံ ဖူကူအိုကာခရိုင် အိုအိတာမြို့တွင် လွန်ခဲ့သော ၂၅ နှစ်က စတင်လုပ်ဆောင်ခဲ့ရာ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက် အကူပြုကြောင်း တွေ့ရှိခဲ့ကြရသည်။ ဒေသတစ်ခုစီ၊ ကျေးရွာတစ်ရွာစီက ထုတ်ကုန်အမည် တစ်မျိုးမျိုး၊ သို့မဟုတ် ထုတ်ကုန်အမည်အချို့ကို အထူးပြု ထုတ်လုပ်ကာ ဒေသအမည် brand name ဖြင့် တစ်နိုင်ငံလုံးသို့ဖြစ်စေ၊ ယင်းထက်ပိုမို ကျယ်ပြန့်သော ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန်ဖြစ်စေ ကြိုးစားကြခြင်း ဖြစ်ပေသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးလှုပ်ရှားမှုကို ၁၉၇၉ခုနှစ်တွင် စတင်ခဲ့သူမှာ ဒေါက်တာမိုရီဟီကို ဟီရာမတ်စုဖြစ်သည်။ ထိုစဉ်က သူသည် လူဦးရေ ၁ ဒသမ ၂ သန်းရှိသော အိုအိတာမြို့၏ ပြည်နယ်မှူးဖြစ်သည်။ ထိုမြို့၏ စီးပွားရေးအခြေအနေကျဆင်းနေရာမှ ပြန်လည် နာလန်ထူနိုင်ရန် ကျေးရွာတစ်ရွာလျှင် ထုတ်ကုန်တစ်မျိုး အထူးပြုထုတ်လုပ်ရေး အလေးပေးကြိုးပမ်းခဲ့ရာမှ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ အိုအိတာမြို့၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံချက်အောင်မြင်မှုကို ကမ္ဘာ့နိုင်ငံအများအပြားကပင် အတုယူလုပ်ဆောင်ရာ အောင်မြင်မှုများ ရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် Village Fund ခေါ် ကျေးလက်ရန်ပုံငွေတစ်ရပ် ထူထောင်ပေးပြီး OVOP ကဲ့သို့သော OTOP ကို စတင်ခဲ့သည်။ OVOP မှာ one village. one product ဖြစ်ပြီး OTOP မှာ one tambon (village-tract), one product ဖြစ်သည်။ လူဦးရေ ၆၃ သန်းရှိသော ထိုင်းနိုင်ငံတွင် ကျေးရွာ အုပ်စု ၇၂၅၅ ရှိပြီး ရွာပေါင်း ၇၀၀၀၀ ကျော်ရှိသည်။ ၂၀၀၁ ခုနှစ် ဧပြီလတွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး လှုပ်ရှားမှုကို စတင်ခဲ့သူ ဒေါက်တာ ဟီရာမတ်စုကို ထိုင်းနိုင်ငံသို့ဖိတ်ကြားပြီး ကျေးရွာတစ်ရွာလျှင် ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး သဘောတရားကို မိတ်ဆက်စေခဲ့သည်။ ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံတွင် OVOP ကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်လိုသဖြင့် ကူညီပါရန် ဂျပန် ဝန်ကြီးချုပ် ကိုအိဇုမိထံ မေတ္တာရပ်ခံခဲ့ရာ ဂျပန်နိုင်ငံ၏အဖွဲ့အစည်း တစ်ခုဖြစ်သော JETRO (Japan External Trade Organization) က လိုအပ်သော အကူအညီများပေးခဲ့သည်။ ၂၀၀၂ ခုနှစ် မေလတွင် ဂျပန် ကျွမ်းကျင်သူများ ထိုင်းနိုင်ငံသို့လာ၍ ပြည်နယ် ၂၁ ခုတွင် လေ့လာစူးစမ်းမှုများ ပြုလုပ်ကာ အလားအလာရှိသော ထုတ်ကုန် ၆၀၀ ခန့်ကို စုဆောင်းရယူလျက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အကြံပြုချက်များပေးကြသည်။ ဆွေးနွေးပွဲများ ကျင်းပကာ ဂျပန်ဈေးကွက်သို့ တင်ပို့နိုင်ရေး ကူညီကြသည်။ ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် တိုကျိုမြို့၌ OTOP ပြပွဲကျင်းပခဲ့သည်။ ယခုအခါ ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများမှာ OTOPဖြင့် သိသိသာသာ တိုးတက်မှုရရှိလာကြကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် OVOP ကဲ့သို့ OROI(one region,one industry policy) ကို ကျေးလက်ဖွံ့ဖြိုးရေးအတွက် ၁၉၉၂ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် OROI ကို အားဖြည့် ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊ တောင်သူလယ်သမားများ၊ ယာသမားများ၊ မွေးမြူရေးသမားများကို အထောက်အပံ့များပေးခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကျေးလက်လူထု ဝင်ငွေတိုးစေရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်ပေးခဲ့သည်။ JETRO ကလည်း လိုအပ်သောအကူအညီများ ပေးခဲ့သည်။ ဂျပန်ဈေးကွက်သို့ ဝင်နိုင်မည့်ပစ္စည်းများနှင့် quality standard များကို ရွေးချယ်ပေးကာ ကူညီခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် National OVOP Committee ကို ပြည်ထဲရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေး၊ စက်မှု၊ စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း၊ စွမ်းအင်၊ သတ္တုတွင်း၊ ယဉ်ကျေးမှု၊ ကျေးလက်ဖွံ့ဖြိုးရေး၊ အလုပ်သမားစသော ဆက်စပ်နှီးနွှယ်နေသည့်ဝန်ကြီးဌာနများက အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် ဖွဲ့စည်းပြီး OVOP ကို အကောင်အထည်ဖော်နေကြောင်း သိရသည်။

လာအိုနိုင်ငံတွင်လည်း Chao Laos (Heart of Laos) အမည်ဖြင့် OVOP ကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

ဖိလစ်ပိုင်၊ တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားတို့၌လည်း OVOP ကို ဆောင်ရွက်နေကြကြောင်း သိရသည်။ ယခုအခါ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့သည်လည်း အာရှထုတ်ကုန်တိုးမြှင့်ရေးအဖွဲ့ APO အဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်၍ OVOP နည်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြကြောင်း သိရသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဆိုသော်လည်း

OVOP ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးဟူ၍ မှတ်ရလွယ်အောင်၊ ခေါ်ဝေါ်၍ကောင်းအောင် ဆောင်ပုဒ်သဖွယ် အမည်ပေးထားသော်လည်း အမှန်မှာလိုအပ်သော အရင်းအမြစ်၊ ကုန်ကြမ်း၊ နည်းပညာ၊ ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးတောင့်တင်းမှုနှင့် ဈေးကွက် စသည်တို့ ပြည့်စုံလျှင် ကျေးရွာတစ်ရွာတည်းကပင် ထုတ်ကုန်အမည် အတော်များများကို အထူးပြု အလေးပေး ထုတ်လုပ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

OVOP ၏ အခြေခံစည်းမျဉ်း Basic Principles

OVOP ၏ အခြေခံစည်းမျဉ်း (၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- Local yet Global
- Self-Reliance & Creativity
- Human Resource Development တို့ဖြစ်သည်။

Local Yet Global ဆိုသည်မှာ မိမိဒေသရှိ အရင်းအမြစ်၊ ကုန်ကြမ်းပစ္စည်း၊သွင်းအားစု စသည်တို့ကိုအခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရင်း ကမ္ဘာနှင့်ချီ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတွင်ရှိသော အရင်းအနှီး၊ သွင်းအားစု၊ သယံဇာတ စသည်တို့ကို အခြေခံစဉ်းစားပြီး ဖွံ့ဖြိုးမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဈေးကွက်ကျယ်ပြန့်နိုင်ရေး ကမ္ဘာနှင့်ချီ၍ စဉ်းစားလုပ်ဆောင်ကြရမည်ဟူ၍ဖြစ်သည်။ တစ်နည်းအားဖြင့် ထုတ်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိ ယဉ်ကျေးမှုနည်းပညာတို့ဖြင့် ထုတ်လုပ်ရင်း တစ်ချိန်တည်းမှာပင် နိုင်ငံအဝန်းသို့လည်းကောင်း၊ တစ်ကမ္ဘာလုံးသို့လည်းကောင်း ဈေးကွက်ယှဉ်ပြိုင် ရောင်းချနိုင်စေရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။

Self-Reliance & Creativity ဆိုသည်မှာ ကိုယ့်အားကိုယ်ကိုး၍ တီထွင်ဖန်တီးနိုင်မှုစွမ်းအားကို အခြေပြုရမည် ဖြစ်ပါသည်။ လူ၏ တီထွင်ဖန်တီးနိုင်မှု အသိဉာဏ်ကို အလေးထား အားပြုရမည်ဟူ၍ ဆိုလို ပါသည်။ လက်သုံးစကားအားဖြင့် Resources are limited while wisdom is infinite အရင်းအမြစ်များမှာ ကုန်သွားနိုင်သော်လည်း အသိဉာဏ်ပညာ စူးရောက်နိုင်မှုမှာ အဆုံးအစမရှိ ကျယ်ပြန့် လှပါသည်ဟု ဆိုရိုးပြုကြသည်။ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်နှင့် တစ်ဦးချင်း၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားကို အခြေပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။ အိုအိတာမြို့တွင် OVOP စတင်စဉ်က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအနေဖြင့် မည်သည့်ထုတ်ကုန်ထုတ်လုပ်မည်ကို ရွာသူရွာသားများကိုယ်တိုင် ဆုံးဖြတ်ကြခြင်းဖြစ်ပြီး ဒေသန္တရအာဏာပိုင်တို့ အနေဖြင့် နည်းပညာအကူအညီနှင့် လိုအပ်သော အကူအညီပေးခြင်း ဖြစ်ပါသည်။

Human Resource Development လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ မိမိတို့ကျေးလက်လူထု၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်ပေးရေးပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အမြဲ မျက်ခြည်ပြတ်မခံဘဲ လေ့ကျင့်သင်တန်းပေးပျိုးထောင်ခြင်း၊ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ပါသည်။ လူတိုင်း လူတိုင်းကို တီထွင်မှု စိတ်ကူးဉာဏ် အသစ်အဆန်း ပေါ်ပေါက်စေရန် လေ့ကျင့် ပျိုးထောင်ပေးခြင်း၊ ကျွမ်းကျင်မှုတိုးမြှင့်စေရန် သင်ကြားပေးခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် OVOP ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်မျိုး ထုတ်လုပ်ရေးဆိုသည်မှာ မိမိဒေသရှိ အရင်းအမြစ် ကုန်ကြမ်း ပစ္စည်း၊ သွင်းအားစုစသည်တို့ကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရင်း ကမ္ဘာနှင့်ချီ၍ စဉ်းစားဆောင်ရွက်ရမည် (think globally, act locally) ဟူ၍ ဖြစ်ပေသည်။

OVOP movement အောင်မြင်မှုရရှိရေးအတွက်အဓိက သော့ချက်များ

OVOP movement အောင်မြင်မှုရရှိရေးအတွက် အဓိက သော့ချက်များ key factors မှာ အောက်ပါအတိုင်း ဖြစ်ပေသည်–

(၁) အသိအမြင်တိုးပွားစေရေးကို အမြဲမပြတ်ဆောင်ရွက်ခြင်း၊

(၂) မိမိဒေသအတွင်းရှိ အရင်းအမြစ်များ၊ အားသာချက်များ စသည့် အဖိုးတန်ရတနာများကို သိရှိဖော်ထုတ်ခြင်း၊

(၃) ဖွဲ့လုံ့လသည် စွမ်းအား၏ အခြေခံဖြစ်သည်ကို သဘောပေါက်နားလည်ခြင်း၊

(၄) ထုတ်ကုန်ကို ကုန်ကြမ်းအဖြစ် ရောင်းချမည့်အစား တန်ဖိုးမြှင့် အချောထည် ပြုလုပ်ရောင်းချခြင်း၊

(၅) ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၆) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း၊

ယင်းတို့မှာ အရေးပါးလှသော သော့ချက်များ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံနှင့် OVOP သဘောတရား

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများ လက်ထက်ကပင် အိုးရွာ၊ ပန်းပဲရွာ စသည်ဖြင့် တစ်ရွာလုံးက ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုးကို နာမည်ရအောင် အထူးပြု ထုတ်လုပ်ခဲ့ကြသည်များ ရှိပေသည်။ ယခုခေတ်တွင်လည်း တစ်ရွာလုံး၊ တစ်မြို့လုံး ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုးကို နာမည်ရအောင် အထူးပြုထုတ်လုပ် ကြသည်များ ရှိနေကြပါသည်။ ဥပမာ– ပုသိမ်ထီးလုပ်ငန်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဆေးတံလုပ်ငန်း၊ ပုဂံယွန်းထည်နှင့် ပုန်းရည်ကြီးလုပ်ငန်း၊ အမရပူရ ပိုးထည်လုပ်ငန်း၊ အင်းလေး ငွေထည်လုပ်ငန်း၊ ဘိုကလေးမြို့နယ် ဆားချက်လုပ်ငန်း၊ ပဲခူးမြို့နယ် ဒါးပိန်ရွာ ပန်းပုလုပ်ငန်း၊ မိုးကုတ် ကျောက်မျက်လုပ်ငန်း၊ မန္တလေးမြို့ ကျောက်ဆစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်း ကျောက်မြောင်း စဥ့်အိုးလုပ်ငန်း စသည်ဖြင့် ရှိကြပါသည်။ သို့သော် စုစည်းကျစ်လျစ်စွာ ဖွဲ့စည်းထားသော well-organized သဘောမဟုတ်ကြသဖြင့် ထုတ်ကုန်အရည်အသွေး ထိန်းသိမ်းခြင်း၊ ဈေးကွက်ရှာဖွေတိုးချဲ့ခြင်း၊ ထုတ်ကုန်တိုးမြှင့်ခြင်း စသည်တို့ကို အားပေးမြှင့်တင်လျှင် ပိုမိုအကျိုးဖြစ်ထွန်းလာနိုင်မည် ဖြစ်ပေသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးကို အကောင်အထည်ဖော်ရာ၌ အောင်မြင်မှုရရှိရေးတွင် participation of all stake-holders အဓိကအခန်းမှ ပါဝင်သူအားလုံး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရေးမှာလည်း အရေးကြီးလှပါသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးသို့ ဦးတည်ကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အာဏာပိုင်များ၊ ဇဟိုသမဝါယမအသင်းနှင့် အဆင့်ဆင့်သော သမဝါယမအသင်းစုများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ SMEs အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များစသဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားတို့ကလည်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးဆိုင်ရာ ပညာပေးရေးသား ထုတ်လွှင့်မှုများ၊ ကျေးရွာတစ်ရွာလျှင်ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေးဆိုင်ရာသတင်းများအတွက် media cover များ လုပ်ပေးကြရပါမည်။ ဤသို့ ဖြင့် ပြည်သူများ ကျယ်ပြန့်စွာသိရှိစိတ်ဝင်စားလာကာ ကျေးရွာတစ်ရွာလျှင် ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးနှင့်စပ်လျဉ်းပြီး အောင်မြင်မှုများရရှိလာမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ အခြေအနေအရ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တောစသည်ဖြင့် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များစွာ ရှိနေပါသည်။ ယင်းစီးပွားရေးနယ်ပယ် များ၌ ပုဂ္ဂလိကများက ဆက်လက်၍ တိုးချဲ့ရင်းနှီးမြှုပ်နှံလျက်ရှိကြပါသည်။ ယင်းစီးပွားရေးကဏ္ဍများ၌ ပုဂ္ဂလိကကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အခြေခံကုန်ကြမ်းပစ္စည်းများသာမက တန်ဖိုးမြှင့်တင်ထားသော ကုန်ချောပစ္စည်းများ၊ အမည်သစ်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်သည်နှင့်အမျှ ကုန်သွယ်မှုလုပ်ငန်းသည်လည်း ပိုမိုဖွံ့ဖြိုး ကျယ်ပြန့်လာမည်ဖြစ်ပါသည်။ ကုန်သွယ်မှု ဖွံ့ဖြိုးလာသည်နှင့်အညီ ကုန်ထုတ်လုပ်မှုကဏ္ဍလည်း ထပ်ဆင့် တိုးတက်လာမည် ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှု ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အပြန်အလှန်ဆက်စပ် အကျိုးပြုနေပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ကုန်ထုတ်လုပ်မှုများကို အလေးထား အားပေးလျက်ရှိသည့်နည်းတူ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာအောင်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးလျက်ရှိပါသည်။

အချို့နိုင်ငံများ၏ အခြေအနေကိုကြည့်လျှင် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် သယံဇာတမရှိသဖြင့် ကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုသာ အထူးပြုလျက် ကြီးပွားချမ်းသာလျက်ရှိသည့် နိုင်ငံများရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေမြေအခြေအနေမှာ ကုန်ထုတ်လုပ်ငန်းရော ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းတို့ပါ လုပ်ကိုင်နိုင်သည့် အခြေအနေကောင်းများ ရှိနေပါသည်။ နိုင်ငံတော်၏ ပထဝီနိုင်ငံရေး အနေအထားအရ အာဆီယံနိုင်ငံများနှင့် ဘင်းမ်စတက်နိုင်ငံများအကြား အချက်အချာ နေရာတွင်တည်ရှိပြီး စီးပွားရေး ပေါင်းကူးသဖွယ် လုပ်ကိုင်နိုင်ပါသည်။ လူဦးရေများပြားပြီး ဈေးကွက်ကြီးမားသည့် နိုင်ငံများအကြား၌လည်း တည်ရှိနေပါသည်။

ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များ အနေဖြင့်လည်းကောင်း၊ ကျေးလက်ဒေသအလိုက်လည်းကောင်း မိမိအားသန်ရာ စိတ်ဝင်စားရာ လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်နိုင်သည့် အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများ ရှိပြီးဖြစ်သကဲ့သို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကူညီစောင့်ရှောက်အားပေးလျက် ရှိနေပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး အစီအစဉ်များဖြင့် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုအားပြည့်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်နေ ပြည်သူများ တစ်ဦးချင်း ဝင်ငွေတိုးစေရေး၊ နိုင်ငံ့စီးပွား တိုးတက်ရေးတို့အတွက် များစွာအကျိုးသက်ရောက် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

သိန်းထွန်း

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ သတင်းဖြစ်ရပ်ပေါင်းများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ အချိန်နှင့်အမျှ ဖြစ်ပေါ်နေသော သတင်းဖြစ်ရပ်ပေါင်းများစွာအနက်မှ သီတင်းတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ထူးခြားသတင်းအချို့ကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်း ဖော်ပြလိုက်ပါသည်–

ဇန်နဝါရီ ၁၅ ရက်

– နော်ဝေနိုင်ငံတောင်ပိုင်း ကမ်းလွန်တွင် ရေနံတင်သင်္ဘောတစ်စီး ဝမ်းဗိုက်ပေါက်ပြီး နစ်မြုပ်ခဲ့ရာ ကမ်းခြေတစ်လျှောက် ရေနံများယိုဖိတ်ပျံ့နှံ့သွားခဲ့သည်။ ၎င်းသင်္ဘောမှာ ဆိုက်ပရပ်စ်နိုင်ငံပိုင် သင်္ဘောဖြစ်ပြီး ရေနံတန်ချိန် ၃၀၀ခန့် ယိုဖိတ်ခဲ့ကြောင်း သိရသည်။

– စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူမြို့အကြား အမြန်ရထားတစ်စင်း ပြေးဆွဲရန်အတွက် မလေးရှားအစိုးရက ခွင့်ပြုလိုက်သည်။ အဆိုပါ အမြန်ရထားပြေးဆွဲမည့် စီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၂ဒသမ၃ ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း၊ ၎င်းအမြန်ရထားသည် စင်ကာပူနှင့်ကွာလာလမ်ပူမြို့အကြား မိနစ်၉၀သာ ခုတ်မောင်းမည်ဖြစ်ကြောင်း စင်ကာပူအစိုးရအဖွဲ့က ပြောကြားသည်။

ဇန်နဝါရီ ၁၆ ရက်

– ၂၀၀၆ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ကလေးငယ်ပေါင်း ၅၃၀၀၀၀ခန့် အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံခဲ့ရကြောင်း၊ အများစုမှာ မိခင်မှကလေးသို့ ကူးစက်ခြင်းဖြစ်ကြောင်း၊ ယူနီဆက်ဖ်က သတင်းထုတ်ပြန်သည်။

– အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၀ ခု တည်ဆောက်မည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံပိုင် ပီတီပီရူးဆာဟန်ကုမ္ပဏီက သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ၁၀ရုံကို အမေရိကန်ဒေါ်လာ ၉၈၅ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက်

– ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၏ အရှေ့မြောက်ဘက် ပင်လယ်ပြင်အတွင်းသို့ လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူနှစ်ဦးသာ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးမှာ ခရီးသည်တစ်ဦးနှင့် လေယာဉ်မှူးတစ်ဦးဖြစ်ပြီး၊ ၎င်းလေယာဉ်မှာ လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

– တောင်ကိုရီးယားနိုင်ငံသည် မကြာမီနှစ်များအတွင်း "မျိုးဆက်သစ်"ဟု အမည် ပေးထားသော တိုက်လေယာဉ် အစင်း၂၀ကို နိုင်ငံတော်ကာကွယ်ရေးအတွက် ဝယ်ယူမည် ဖြစ်ကြောင်း၊ တိုက်လေယာဉ်များ ဝယ်ယူရာတွင် ကုန်ကျမည့်ငွေကြေးပမာဏမှာ အမေရိကန် ဒေါ်လာ ၂ဒသမ ၄ဘီလီယံရှိကြောင်း တောင်ကိုရီးယားအစိုးရက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံက နိုင်ငံတော်ကာကွယ်ရေးအတွက် မကြာမီနှစ်များအတွင်း ဝယ်ယူမည့် "မျိုးဆက်သစ်"ဟု အမည်ပေးထားသော တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၁၈ရက်– တိရစ္ဆာန်များမှ ကူးစက်သောရောဂါများဖြစ်သည့် ကြက်ငှက်တုပ်ကွေးကဲ့သို့သော ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်ထိန်းချုပ်ရန်အတွက် တရုတ်အစိုးရက အမေရိကန်ဒေါ်လာ ၁ဒသမ၁၂ ဘီလီယံကို သုံးစွဲခွင့်ပြုလိုက်သည်။ အဆိုပါ ရောဂါများအားလုံး လာမည့်၂၀၁၅ခုနှစ်၌ ထိန်းချုပ်နိုင်မည်ဟု တရုတ်အစိုးရက မျှော်မှန်းထားသည်။

– စင်ကာပူနိုင်ငံသည် ၂၀၀၆ခုနှစ်က သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၂၆ဘီလီယံခန့်ရရှိခဲ့ရာ စင်ကာပူနိုင်ငံသမိုင်းတွင် အိုင်တီကဏ္ဍမှ ဝင်ငွေအများဆုံးရရှိခဲ့သည့် နှစ်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

– **တရုတ်နိုင်ငံမှ ဥရောပရှိမြို့ကြီး ၄၀၀ကျော်သို့ တိုက်ရိုက်ပျံသန်းမည့် လေယာဉ်ခရီးစဉ် လိုင်းအသစ်တစ်ခုကို မကြာမီစတင်မည်ဖြစ်ကြောင်း တီအင်တီ လေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။ ၎င်းလေကြောင်းခရီးစဉ်အတွက် ဘိုးရင်း ၇၄၇–၄၀၀အမျိုးအစား လေယာဉ်များဖြင့် သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပျံသန်းပေးသွားမည် ဖြစ်သည်။**

ဇန်နဝါရီ ၁၉ရက်

– နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသည့် ကမ္ဘာ့ခရီးသွားနိုင်ငံဆု ၂၀၀၇ကို ထိုင်းနိုင်ငံက ရရှိခဲ့သည်။ ထိုသို့ရွေးချယ်ခြင်းကို ကမ္ဘာ့ခရီးသွားကုမ္ပဏီပေါင်း၃၀၀တို့က ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ အခြားအကောင်းဆုံး ၁၀နိုင်ငံမှာ ထိုင်းနိုင်ငံအပါအဝင် ဂရိ၊ ဒိန်းမတ်၊ အီတလီ၊ စပိန်၊ ဘရာဇီး၊ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံတို့ ဖြစ်သည်။

– တောင်ကိုရီးယားနိုင်ငံ၏ ဆန်စားသုံးမှုသည် တဖြည်းဖြည်းလျော့နည်းလာလျက်ရှိရာ ၂၀၀၆ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးလျှင် တစ်နေ့ ၂၁၆ ဂရမ် စားသုံးခဲ့ရာ ယခင်နှစ်များကထက် ၂ ဒသမ ၄ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ရက်

– ကမ္ဘာ့လူမှုရေးဖိုရမ် ၂၀၀၇ကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ စတင်ကျင်းပသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ် ၆၀၀ခန့် တက်ရောက်ခဲ့ကြပြီး အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာများနှင့် လူမှုစီးပွားရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

– အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် လူ ၈၀ကျော် တင်ဆောင်လာသော ခရီးသည်တင် စက်လှေကြီးတစ်စင်း နစ်မြုပ်ခဲ့ရာ လူ ၆၀ကျော် သေဆုံးခဲ့သည်။ လူ ၃၅ဦးသာ တင်ဆောင်နိုင်သော စက်လှေပေါ်သို့ လူ ၈၀ကျော်တင်ခဲ့သဖြင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၁ရက်

– ကုန်ပစ္စည်းများ အပြည့်တင်ဆောင်လာသော ဗြိတိန်နိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းသည် အင်္ဂလိပ်ရေလက်ကြားသို့ ဖြတ်သန်းခုတ်မောင်းစဉ် မုန်တိုင်းမိ၍ တိမ်းမှောက်ခဲ့ရာ သင်္ဘောပေါ်ရှိ သင်္ဘောသားအားလုံးကို ကယ်ဆယ်နိုင်ခဲ့သည်။ သို့သော် ကုန်ပစ္စည်းအများအပြား ဆုံးရှုံးခဲ့ရသည်။

ကုန်ပစ္စည်းများ အပြည့်တင်ဆောင်လာသော ဗြိတိန်နိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်း အင်္ဂလိပ်ရေလက်ကြားသို့ ဖြတ်သန်းခုတ်မောင်းချိန်၌ မုန်တိုင်းမိ၍ ဤသို့ တိမ်းမှောက်သွားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

– ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းရှိ ကီတာမီမြို့အနီး ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်ကွဲမီးလောင်ခဲ့ရာ ဒေသခံရာပေါင်းများစွာအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် လူသေဆုံးမှုများလည်းရှိခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ဖောလစ်အက်စစ်ဓာတ် ပုံမှန်မှီဝဲပါက အသက်ကြီးရင့်သူများ ဦးနှောက်မှတ်ဉာဏ် ကောင်းမွန်နိုင်

ဖောလစ်အက်စစ်ကို ပုံမှန်မှီဝဲခြင်းဖြင့် ဦးနှောက်ဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်စေပြီး ဉာဏ်ရည်၊ ဉာဏ်သွေး ပိုမိုထက်မြက်စေကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အသက် ၅၀ မှ ၇၀ အတွင်းရှိ လူများအနေဖြင့် ဖောလစ်အက်စစ်ကို နေ့စဉ်မှီဝဲပါက ဦးနှောက်ဖွံ့ဖြိုးမှုသည် အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးကဲ့သို့ ဖြစ်လာနိုင်ကြောင်း၊ မှတ်ဉာဏ်များလည်း ကောင်းမွန်လာနိုင်ကြောင်း ၎င်းတို့က ပြောဆိုသည်။

အကြံပြု

သို့သော်လည်း အသက်အရွယ်ကြီးလာသူများအနေဖြင့် အခြားလိုအပ်သော ဓာတ်များကိုလည်း ဟန်ချက်ညီညီဖြစ်အောင် မျှတစားသုံးရန် လိုအပ်ကြောင်းလည်း ၎င်းတို့က ဖြည့်စွက်အကြံပြုထားသည်။

ကာကွယ်နိုင်

ဖောလစ်အက်စစ်ဓာတ် ပါဝင်သော အစားအစာများကို စားသုံးခြင်းသည်လည်း အတူတူပင်ဖြစ်ကြောင်း၊ မှတ်ဉာဏ်ယိုယွင်းမှုများကို ထိန်းသိမ်းကာကွယ်ပေးနိုင်ရန် ဖောလစ်အက်စစ်သည် လွန်စွာအကျိုးပြုသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၌ ဖောလစ်အက်စစ်များ ပါဝင်ပြီး ဗီတာမင်ဘီ–၁၂ဓာတ် ပေါများစွာပါဝင်သည့် ဥနှင့်အသားများကိုလည်း တွဲဖက်စားသုံးသင့်ကြောင်း လန်ဒန်သုတေသနပညာရှင်များက အကြံပြုကြသည်။

(ကိုးကား–အင်တာနက်)

တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း သင်တန်းများဆင်းပွဲအခမ်းအနား လောက်ကိုင်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လောက်ကိုင်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း အခြေခံအဆောက်အအုံသင်တန်းတွင် လျှပ်စစ်နှင့် ဂဟေသင်တန်း၊ စက်ပြင်သင်တန်း အမှတ်စဉ်(၁/၂၀၀၆)သင်တန်းများဆင်းပွဲကို ဇန်နဝါရီ၁၉ရက်နံနက် ၈နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းများ ဆင်းပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းထူးချွန်ဆုရရှိသည့် လျှပ်စစ်နှင့် ဂဟေသင်တန်းမှ ကိုးကန့်တိုင်းရင်းသား မောင်ရန်ဝင်းချမ်းအား ဆုချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်သည်။

သင်တန်းအမှတ်စဉ် (၁/၂၀၀၆)တွင် အခြေခံအဆောက်အအုံသင်တန်းသို့ သင်တန်းသား ၁၂ဦး၊ လျှပ်စစ်နှင့် ဂဟေသင်တန်းသို့ သင်တန်းသား၁၄ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား၁၄ဦး စုစုပေါင်းသင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်သည်။ သင်တန်းကာလအတွင်း သင်တန်းသားများ၏ သင်တန်းဆိုင်ရာ ကုန်ကျစရိတ်များ၊ နေထိုင်စားသောက်ရေးများ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ဘောလုံးရသ သို့မဟုတ် ပရီမီယာလိဂ်အားစမ်းပွဲ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၂၂

မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်အသင်းတို့သည် ပရီမီယာလိဂ် ထိပ်တန်းအသင်းများအဖြစ် ကမ္ဘာကျော်သည့် အသင်းများဖြစ်ကြသည်။



အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးကို အွန်နရီက မန်ယူဂိုးပေါက်ထဲသို့ ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး ပရီမီယာလိဂ်ဘောလုံးအသင်းများသည် ဒဏ်ရာရဘောလုံးသမားများ အချိန်မီပြိုင်ပွဲဝင်ရန် နောက်ကျမှုများကြောင့်သော်လည်းကောင်း၊ လေ့ကျင့်မှုလုံလောက်စွာအချိန်မရခဲ့၍သော်လည်းကောင်း၊ တောင့်တင်းခိုင်မာသော အသင်းအဖြစ် စုစည်းမှု အားနည်းခဲ့ရခြင်းကြောင့်သော်လည်းကောင်း စသောအကြောင်းအရင်းများကြောင့် ပုံမှန်ခြေစွမ်းများမရဘဲ နိုင်လိုက်၊ ရှုံးလိုက်ဖြင့် ခရီးဆက်ခဲ့ကြသည်။

သို့သော်လည်း ပွဲစဉ်(၂၄)ယှဉ်ပြိုင်ကစားပြီးချိန်တွင် မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်တို့သည် အမှတ်ပေးဇယား ထိပ်ဆုံးနေရာ၌ တန်းစီရပ်တည်လာနိုင်သကဲ့သို့ အသင်းတစ်သင်းစီ၏ ပင်ကိုခြေစွမ်းမှာလည်း ရုပ်လုံးဖော်နိုင်ခဲ့ကြပြီ ဖြစ်သည်။

မန်ယူ

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘောလုံးရာသီအစမှစပြီး ယခုပွဲစဉ်(၂၄)အထိ ပုံမှန်ခြေစွမ်းရခဲ့သည်ဟု ဆိုရမည်သာ ဖြစ်သည်။

နည်းပြ ဖာဂူဆန်၏ကစားသမားများ အကွက်ချ မှန်ကန်မှုကြောင့် တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲဆက်ခဲ့ရာ သုံးပွဲသာ ရှုံးပွဲကြုံခဲ့သည်။ ယင်းသုံးပွဲ ရှုံးပွဲကြုံခဲ့ရာတွင် အာဆင်နယ် အသင်းနှင့် ယှဉ်ပြိုင်ရာတွင် နှစ်ပွဲပါဝင်သည်။ ပထမအကျော့တွင် အာဆင်နယ်က မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် စက်တင်ဘာလအတွင်းက အနိုင်ရထားခဲ့ရာ ယခုတစ်ဖန် ဒုတိယအကြိမ် မန်ယူတို့ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် ထိပ်သီး မန်ယူနှင့် ချယ်လ်ဆီး အသင်းတို့၏ နိုဝင်ဘာလအတွင်းက ယှဉ်ပြိုင်ခဲ့ပုံများကို လေ့လာကြည့်ရာတွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။ ထိုစဉ်က မန်ယူက ချယ်လ်ဆီးအသင်းအား ဧည့်အသင်းအဖြစ် လက်ခံကစားခဲ့ရပြီး မန်ယူတို့ အိမ်ကွင်းအားသာချက်ဖြင့် ဂိုးစသွင်းယူနိုင်ခဲ့သည်။ ချယ်လ်ဆီးက နောက်မှ တိုက်စစ်ကို အရှိန်မြှင့်ပြီး နောက်မှ ဂိုးလိုက်သွင်းယူခဲ့ရသည်ကိုလည်း မှတ်မိသေးသည်။ ထိုစဉ်က ချယ်လ်ဆီးက မန်ယူထက် အနည်းငယ် ခြေစွမ်းသာခဲ့သည်ကို တွေ့ရသည်။

သို့သော်လည်း ယခုအခါ မန်ချက်စတာယူနိုက်တက်အသင်းသည် ချန်ပီယံစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်မှုအားကောင်းလာပြီဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံး၌ ပြိုင်ဘက် ချယ်လ်ဆီးအသင်းကို ပွဲစဉ်(၂၄)အပြီး ခြောက်မှတ် ဖြတ်ထားနိုင်ဆဲ ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းမှ စီရိုနယ်ဒိုသည် အသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးထားပြီး စုစုပေါင်း ၁၃ဂိုး သွင်းယူထားသည်။ ပရီမီယာလိဂ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာပြီးလျှင် ဒုတိယဂိုးအများဆုံး သွင်းယူထားသည်။

မန်ယူကစားသမားများဖြစ်ကြသည့် ဂိုး-ဗန်ဒါဆာ၊ နောက်တန်း ဂယ်ရီနဗီးလ်၊ ဖာဒီနန်၊ အီဗရာ၊ ဗီဒစ်၊ အလယ်တန်းတွင် စီရိုနယ်ဒို၊ ပေါလ်စခိုးလ်၊ ကာရစ်နှင့် ရိုင်ယန်ဂစ်၊ ရှေ့တန်းတွင် လာဆင်၊ ရွှန်နေ၊ ဆာဟာ၊ ဆိုးလ်ရှား၊ ပတ်ဂျီဆန် အစရှိသော ဘောလုံးသမားများသည် မန်ယူ၏ အောင်ပွဲစိတ်ဓာတ်ကို ပရီမီယာလိဂ်ဖလား ရသည်အထိ မြှင့်တင်သွားမည့် အနေအထားရှိနေသည်။

မန်ယူသည်ပွဲစဉ်(၂၄)အပြီး၁၈ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးကာ ရမှတ် ၅၇ မှတ်ကို လက်ဝယ်ပိုင်ဆိုင် ဆုပ်ကိုင်ထားနိုင်ပြီဖြစ်သည်။

ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းသည် လက်ရှိအနေအထားအရ လက်ရှိချန်ပီယံဆုဖလားကို ကာကွယ်နိုင်ရန် အကြိတ်အနယ် ရုန်းကန်ရမည့် အနေအထားရှိသည်။ အထူးသဖြင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်နှင့် နည်းပြမော်ရင်ဟိုသည်လည်းကောင်း၊မော်ရင်ဟိုနှင့် တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည်လည်းကောင်း သဘောထားကွဲလွဲကြရာမှအသင်းပြိုကွဲမည့် အနေအထားဖြစ်နေသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်နှင့် မော်ရင်ဟိုတို့သည် ကစားသမားများ ဝယ်ယူရေး ကိစ္စနှင့် စပ်လျဉ်းပြီး စကားများခဲ့ကြရာမှ အဆင်မပြေဖြစ်ခဲ့ရသည်။ ထို့အတူ တိုက်စစ်မှူး ရှက်ဗ်ချင်ကိုနှင့် မော်ရင်ဟိုတို့သည် ရှက်ဗ်ချင်ကို အနေဖြင့် သူငယ်ချင်းဖြစ်သူ အေဘရာမိုဗစ်ချ်အား သူလျှိုလုပ်ပေးသည်ဟု မော်ရင်ဟိုက စွပ်စွဲထားသည်။ ယင်းကဲ့သို့သော အခြေအနေကြောင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် အသင်းမှ ထွက်ခွာမည့် အနေအထား ရှိနေသည်ဟု မကြာမီက အင်တာနက် သတင်းများတွင် ဖော်ပြထားသည်ကို ဖတ်လိုက်ရသေးသည်။

အကယ်၍ မော်ရင်ဟိုထွက်ခွာခဲ့ပါလျှင် ကစားသမားများအနေဖြင့် စိတ်ဓာတ်ရေးရာ ပျက်ပြားကာ အသင်းခြေစွမ်းကျလာနိုင်သည်။ မကြာသေးမီက ယင်းအဖြစ်အပျက်များကြောင့် ချယ်လ်ဆီး အသင်းသည် ဂိုးသွင်းစွမ်းရည်ကျဆင်းလာပြီး သရေပွဲ သုံးပွဲဆက်တိုက်ကြုံခဲ့သည်။ အဆိုးရွားဆုံးမှာ ပွဲစဉ် (၂၄)တွင် လီဗာပူးအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို (ယာ)နှင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်တို့ သဘောထားကွဲလွဲမှုမှာ ချယ်လ်ဆီး၏ အနာဂတ်ကို ခြိမ်းခြောက်လျက် ရှိသည်။ (ဓာတ်ပုံ-အင်တာနက်)

လီဗာပူး

လီဗာပူးအသင်းသည် အက်ဖ်အေဖလား၊ ကားလင်းဖလားတို့ကို လက်လွှတ်လိုက်ရပြီဖြစ်၍ ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲများကို အဓိကထားယှဉ်ပြိုင်လာသည်ကို တွေ့ရသည်။

လီဗာပူးအသင်းသည် မကြာမီက အာဆင်နယ် အသင်းကို အက်ဖ်အေဖလားတွင်လည်းကောင်း၊ ကားလင်းဖလား ကွာတားဖိုင်နယ်တွင် လည်းကောင်း ရှုံးနိမ့်ခဲ့ရပြီဖြစ်၍ နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အနေဖြင့် နောင်တကြီးစွာ ရနေပုံရသည်။

ယင်းနောင်တများကို ပရီမီယာလိဂ်တွင် အားသစ်လောင်းအသက်သွင်းပြီး ချန်ပီယံ ချယ်လ်ဆီးအသင်းကိုပင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြနိုင်ခဲ့သည်။ အနီရောင် လီဗာပူးတို့ ချန်ပီယံ စိတ်ဓာတ်ဖြင့် မြှင့်တင်ကစားခဲ့သည့် မြင်ကွင်းကို အဆိုပါပွဲစဉ်(၂၄)တွင် တွေ့လိုက်ရသည်။ ပွဲစပြီး ၁၈မိနစ်အတွင်းမှာပင် လီဗာပူးက အနိုင်ရသည့် နှစ်ဂိုးစလုံးကိုသွင်းယူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် လီဗာပူးတို့ စိတ်ဓာတ်မြှင့်ကစားခဲ့သည်ဆိုသည်မှာ ထင်ရှားနေသည်။

လီဗာပူး အသင်းသည် ယခုနှစ် ပရီမီယာလိဂ် ပွဲစဉ်(၂၄)အပြီး ၄၆ မှတ်ဖြင့် တတိယနေရာတွင်ရှိနေပြီး ဒုတိယနေရာမှ ချယ်လ်ဆီးနှင့် ငါးမှတ်သာ ကွာခြားမှု ရှိတော့သည်။

ချယ်လ်ဆီးအသင်းအား အနိုင်ရပြီး လီဗာပူးအသင်း ကစားသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်

ပရီမီယာလိဂ်ထိပ်တန်းစာရင်းဝင် အာဆင်နယ်အသင်း၏ လက်ရှိ အနေအထားကိုလေ့လာကြည့်လျှင် အလားအလာကောင်းနေသည်ဟု ဆိုရမည်သာ ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်ဆုံး ၁၆သင်း ပြိုင်ပွဲသို့ တတ်ရောက်လာသည်။ ထို့အပြင် အက်ဖ်အေဖလား စတုတ္ထဆင့်၊ ကားလင်းဖလားအကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်သည့် အပြင် ပရီမီယာလိဂ်တွင်လည်း စတုတ္ထနေရာသို့ ခုန်တက်လာပြီဖြစ်သည်။

ပွဲစဉ်(၂၄) ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်၏တန်ပြန်တိုက်စစ်မှာ ကြောက်ခမန်းလိလိဖြစ်သည်။ မန်ယူတို့ ရွှန်နေသွင်းယူခဲ့သည့်ဂိုးဖြင့် အနိုင်ပိုင်းပြီး ခံစစ်ဖြင့်ကစားရန် ပြင်ဆင်နေချိန်တွင် အရန်ခုံတွင်ထိုင်နေသော ဗန်ပါစီ ဝင်လာကာ ချေပဂိုးသွင်းယူသွားသည်။ ပွဲပြီးရန် နောက်ဆုံးမိနစ်တွင် တရစပ်တိုက်စစ်ဆင်ပြီး အွန်နရီ ခေါင်းတိုက်သွင်းယူခဲ့သည်။

အာဆင်နယ်အသင်းသည် လူငယ်ကစားသမားများ၏ အားဖြင့် တောင့်တင်းခိုင်မာနေပြီ ဖြစ်သည်။ အထူးသဖြင့် အာဆင်နယ် တိုက်စစ်တွင် ဗန်ပါစီ၊ အဒီဘာယော၊ ဖာဘရီဂတ်စ်နှင့် ရိုဆစ္စကီးတို့သည် တစ်ချိန်လုံး အကောင်းဆုံးခြေစွမ်းပြ ကစားသွားခဲ့ကြသည်။

သို့ဖြစ်၍ ပရီမီယာလိဂ်ထိပ်သီးအသင်း လေးသင်းဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်တို့သည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ပွဲစဉ် (၂၄)အပြီး ယှဉ်ပြိုင်မှုအားကောင်းလာသော အသင်းများဖြစ်လာကြပြီဖြစ်သည်။ အာဆင်နယ်သည် လီဗာပူးနှင့်တစ်မှတ်သာကွာသည်။

သို့သော်လည်း မန်ယူတို့ ဆက်လက်အောင်ပွဲဆက်ပြီး ဖလားရယူနိုင်မည်၊ မယူမည်၊ ချယ်လ်ဆီးတို့ ပြန်လည်စုစည်းမှုရပြီး ဖလား ဆက်ထိန်းမည်၊ မထိန်းမည်၊ လီဗာပူးတို့၏ ချန်ပီယံ စိတ်ဓာတ်နှင့် အာဆင်နယ်အသင်းမှ သွေးသစ်လူငယ်များ မည်သို့ ဆက်လက်ခြေစွမ်းပြကြမည်ကို ဘောလုံးဝါသနာရှင်များ ဆက်လက်ကြည့်ရှုရဦးမည် ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ် လိုက်ဝဲလ်တာဝိတ်ချန်ပီယံ ထိုးသတ်ပွဲ ရစ်ကီဟက်တန်က ဂျွန်ရန်ဂိုအား အမှတ်ဖြင့်အနိုင်ရ

ရစ်ကီဟက်တန်(ဝဲ)က ဘယ်ဝိုက်လက်သီးဖြင့် ဂျွန်ရန်ဂိုအား ဤသို့ထိုးခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

လပ်ဗီးဂတ်စ် ဇန်နဝါရီ ၂၂

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ လိုက်ဝဲလ်တာဝိတ် ချန်ပီယံလက်ဝှေ့ထိုးသတ်ပွဲကို ဇန်နဝါရီ ၂၁ရက်က အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့၌ ရစ်ကီဟတ်တန်နှင့် ဂျွန်ရန်ဂိုတို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဟတ်တန်က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။

ကျေနပ်

ရစ်ကီဟတ်တန်အနေဖြင့် ပွဲချီတိုင်း ဂျွန်ရန်ဂို၏မျက်နှာသို့ ဝိုက်လက်သီးများ ထိမှန်အောင် ထိုးသတ်နိုင်ခဲ့သလိုထောက်လက်သီးများဖြင့် ဝမ်းဗိုက်သို့ မှန်မှန် ထိုးသတ်နိုင်ခဲ့သည်။ အမှတ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် ပြတ်ပြတ်သားသားနှင့် အားပါးတရ မပျော်ရွှင်နိုင်သော်လည်း မိမိ၏ နိုင်ပွဲရလဒ်ကို ကျေနပ်ကြောင်း၊ မိမိအနိုင်ရရှိသော်လည်း အကောင်းဆုံး မထိုးသတ်နိုင်ခဲ့ကြောင်း၊ ရစ်ကီဟတ်တန်သည် လက်ဝှေ့သမားကောင်း တစ်ဦး ဖြစ်သလို ပြိုင်ဘက်ကောင်း တစ်ဦးလည်း ဖြစ်ကြောင်း ဟတ်တန်က ပြောကြားသည်။

ဟတ်တန်အနေဖြင့်အိုင်ဘီအက်ဖ် ဝဲလ်တာဝိတ် ချန်ပီယံ ကာကွယ်ပွဲအဖြစ် မက္ကဆီကိုမှ ဂျို့လူဝစ်ကာစတီလိုနှင့် ထိုးသတ်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင် ကလစ္စတား ကွာတားတက်ပြီ

ဆစ်ဒနီ ဇန်နဝါရီ ၂၂

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ကလစ္စတားသည် ဟန်တူချိုဗာအား နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ပြီးနောက် ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။ **(အပေါ်ပုံ)**

အနိုင်ရ

ပထမပွဲစဉ်တွင် သုံးမှတ်ပြတ်ဖြင့် ကလစ္စတား ဦးဆောင်နေခဲ့ပြီးနောက်မှ ဟန်တူချိုဗာက အမှတ်စတင်ရရှိခဲ့ခြင်းဖြစ်သည်။ ပထမပွဲစဉ်တွင် ၆-၁ ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲတွင် ၇-၅ ဖြင့် ကလစ္စတားက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကျော်ဖြတ်မည်

ဘယ်လ်ဂျီယံနိုင်ငံသူ ကလစ္စတားသည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နာမည်ကြီး မာတီနာဟင်းဂစ်နှင့် ကစားရမည်ဖြစ်သည်။ မာတီနာဟင်းဂစ်သည် တရုတ်တင်းနစ်မယ်လီနာအား ၄-၆၊ ၆-၃၊ ၆-၀ဖြင့် အနိုင်ရရှိပြီး ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ မိမိအနေဖြင့် မာတီနာဟင်းဂစ်ကို ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ကလစ္စတားက ပြောကြားသည်။

(အင်တာနက်)

အင်းစိန်မြို့နယ်အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက်အတွင်း ထာဝရရေပဒေသာပင် အပင် ၁၀၀၀ စိုက်ထူလှူဒါန်းမည်ဖြစ်ရာ ရေပဒေသာပင်တစ်ပင်လျှင် ကျပ် ၁၂၀၀၀နှုန်းဖြင့်၁၀ပင်အတွက် ငွေကျပ် ၁၂၀၀၀၀ ကို ဆရာမကြီးဒေါ်ခင်မြဦး(အထက-၃၊ အင်းစိန်)နှင့်ဆရာ၊ဆရာမများ မိသားစုက ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မဒူတသိမ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

မော်ဘီမြို့ အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရဆေးကိန္ဒာရာမကျောင်းတိုက်ကြီး၌ ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော် ဆောင်ရွက်နေသော ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် ရန်ကုန်မြို့နေ **ဦးတင်ဦး-ဒေါ်လှမြင့်(ရွှေစင်ရတနာရွှေဆိုင်)** မိသားစု၊ **ဖခင်ကြီး(ဦးတင်လှ)-မိခင်ကြီး ဒေါ်ခင်စန်းရီ** သမီး **ဒေါက်တာဒေါ်ခင်ခင်ရီ** (Shine Hope ကုမ္ပဏီ) မိသားစုတို့နှင့် ပြည်တွင်းပြည်ပ အနယ်နယ် အရပ်ရပ်တို့မှ တပည့်ဒါယကာ ဒါယိကာမတို့က စုပေါင်း၍ ဆောက်လုပ်လှူဒါန်းအပ်သော သာသနာတော်၏ အသက်သဖွယ်ဖြစ်သော '**ဓမ္မဒူတ** ' **သိမ်တော်ကြီး** ကို ဘုရားအမှူးရှိသော ပင့်သံဃာ အပါး၃၀၀တို့၏ အထံမှောက်၌ ဝမ်းမြောက်ကြည်နူးစွာ ရေစက်သွန်းချလှူဒါန်းလိုပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သိမ်အလှူရှင်များအား သီးခြားဖိတ်စာမပို့တော့ပါ။

အလှူတော်မင်္ဂလာအစီအစဉ်

အလှူတော်မင်္ဂလာနေ့ရက်နှင့် – ၁၃၆၈ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
အချိန် ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက် (စနေနေ့) နံနက် ၉နာရီ။

ဓမ္မဒူတ တပည့်များ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၃၀/၅(ဘီ)သီရိမင်္ဂလာရိပ်သာ ကမ္ဘာအေးဘုရားလမ်းနေ မိခင်ကြီး ဒေါ်တင်တင်လှ၊ ဒေါက်တာမင်းဆွေဇော၊ ဒေါက်တာမိမိသွယ် မိသားစုက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း အမှတ်၄၂(အလှူငွေလက်ခံဌာန)၌ အလှူငွေကျပ် ၁၄၀၀၀၀ လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံပြီး ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီးစာချ၊ နာယကဆရာတော်အရှင်ဂန္ဓသာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

ဓမ္မပူဇာ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် အမှတ်(၃) ရပ်ကွက် ဝေဘာဂီလမ်းမကြီးအနီး ဓမ္မရက္ခိတ ဓမ္မာရုံ၏ ဓမ္မမာမက သာသနာ့ အကျိုးဆောင် နာယကများ ကြီးမှူးကျင်းပသော (၁၁) ကြိမ်မြောက် ဓမ္မပူဇာအထူးတရားပွဲကို တိပိဋကဓရ ဆရာတော်ကြီးများ အပါအဝင် နိုင်ငံကျော် ဓမ္မကထိကများက ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

စိတ်ထားကြံ့ခိုင်၊ ပန်းတိုင်ချီတက် အောင်ပွဲဆက်

ရန်ကုန်တိုင်း ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံခြင်းလုံးခတ်ပြိုင်၊ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ရက်က တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်မှ အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆွတ်ခူး

ပြိုင်ပွဲတွင် ပထမ မော်ဘီမြို့နယ်၊ ဒုတိယ စမ်းချောင်းမြို့နယ်နှင့် တတိယ တာမွေမြို့နယ်တို့ရရှိကြပြီး အကောင်းဆုံး အားကစားသမားဆုကို တောင်ဥက္ကလာပမြို့နယ်မှ မောင်စိုးရာဇာလင်းနှင့် တက်သစ်စအားကစားသမားဆုကို စမ်းချောင်းမြို့နယ်မှ မောင်အောင်နိုင်ဖြိုးတို့က ဆွတ်ခူးရရှိကြသည်။

ဒိုင်းပေးအပ်

ထို့နောက် ဆုများချီးမြှင့်ရာ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲသွားသော မော်ဘီမြို့ နယ်အသင်းအား ရန်ကုန်တိုင်း ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် ဒုတိယဥက္ကဋ္ဌဦးထွန်းဝင်းတို့က တံခွန်စိုက်ဒိုင်း ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ဒီဇင်ဘာ၂၆ရက်က နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် လွတ်လပ်ရေးနေ့အကြောင်း၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအကြောင်း ဟောပြောပွဲကို ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ထွန်းဇံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးနေလင်းအောင်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၂၀ရက်က နေပြည်တော်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) စုစည်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယရဲချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ကြိုးစားဆောင်ရွက်

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက ခရိုင်အုပ်ချုပ်ရေးမှူးများသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကတာဝန်ယူ ကြီးကြပ်ပေးကြရမည်ဖြစ်ကြောင်း၊ ကျေးရွာ၊ ရပ်ကွက်တိုးတက်မှု အဆင့်ကောင်းမှ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံတော်အဆင့် တိုးတက်ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ အလုပ်ကို ကြိုးကြိုးစားစား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ဆောင်ရန်၊ ရှောင်ရန်များ၊ လုပ်ငန်းအပေါ် စေတနာကောင်းထား၍ ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာဗ့်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာဗ့်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Qualify Round)၏ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၀ရက် နံနက် ၇နာရီက မန္တလေးမြို့ရှိ Shwe Mann Taung Golf Resort ၌ ကျင်းပရာ ထက်အောင်နှင့် မြတ်မင်းထွန်းတို့က ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်း၊ မန္တလေးတိုင်းမှ ရဲမှူးကြီးအောင်ထွဋ်၊ မန္တလေးတိုင်း စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၊ IBTC မှ Design and Development ဒါရိုက်တာဦးတင်ဦးနှင့် MPGAနှင့် MGF အမှုဆောင် ဦးကိုကိုလေးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစားလျက်ရှိ

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Amateur Golfers ပြိုင်ပွဲတွင် ထက်အောင်(K.M Golf Centre) နှင့် မြတ်မင်းထွန်းတို့က Nett Total ၆၈ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized By Han Event Management)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်နေ
ဗိုလ်မှူးစောလှိုင်–ဒေါ်ခင်ခင်ဝင်းတို့၏သားငယ်
ဗိုလ်ကြီးကျော်သူလှိုင် B.A (DSA)၊ M.A (English) (Y.U) DBL
ကာကွယ်ရေးဝန်ကြီးဌာန
နှင့်
ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်နေ
ဒုတိယရဲမှူးကြီးပြေငြိမ်း–ဒေါ်မြင့်မြင့်လွင်တို့၏တစ်ဦးတည်းသောသမီး
မငြိမ်းသီတာလွင် LL.B (Q), DML

တို့၏ ၂၁–၁–၂၀၀၇ရက် Sedona Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှလှအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)နှင့်ဇနီး ဒေါ်နန်းခင်လှဝင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီးဒေါ်ထွေးထွေးညွန့်၊ စစ်ရာထူးခန့်ချုပ်ဗိုလ်ချုပ်ဆန်းဆင့်၏ဇနီး ဒေါ်ခင်မလေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး၏ဇနီးဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးကြသော ဗိုလ်ကြီးကောင်းထက်စံနှင့် ဗိုလ်ကြီးကျော်ဇေယျ၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးကြသော မမေစန္ဒီဦးနှင့် မမျိုးသူဇာအေး၊ မင်္ဂလာပန်းကြဲပေးသော မခင်မိမိကျော်နှင့် မစက်တင်ဘာဌေး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မငြိမ်းဇူလိုင်မြင့်၊ မခိုင်သဉ္ဇာထွန်းတို့အားလည်းကောင်း၊ ဝတ်စုံ၊ မိတ်ကပ်၊ ပန်းအလှပြင်ဆင်ပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ တေးဂီတ စန္ဒရားဒေါက်တာသိန်းမြင့်သန်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော မဟေမာနေဝင်း၊ ဓာတ်ပုံ၊ ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်သူလှိုင်–မငြိမ်းသီတာလွင်။

အမည်ပြောင်း

နိုင်ငံသားလက်မှတ်အမှတ် ၁၂/မရက(နိုင်)၁၄၃၆၆ရနှင့် မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–၅၈၄၂၀၂ ကိုင်ဆောင်သူ ကျွန်တော် ဦးပေါ်ထင်(အဖ ဦးညီညီ)သည် ယနေ့မှစ၍ ပေါ်ထင်ညီညီဟု အမည် ပြောင်းလဲခေါ်ဝေါ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **ပေါ်ထင်ညီညီ။**

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိသည်။

၁။	လက်ထောက်မန်နေဂျာ(စိုက်ပျိုးရေး)	ကျား/မ	(၁၀)ဦး
၂။	လက်ထောက်စက်ရုံမှူး	ကျား	(၁)ဦး
၃။	အင်ဂျင်နီယာ(စက်မှု/လျှပ်စစ်) (B.E/B. Tech / A.G.T.I)	ကျား	(၁၀)ဦး
၄။	စိုက်ပျိုးရေးတာဝန်ခံ(ကျွမ်းကျင်)	ကျား/မ	(၁၀)ဦး
၅။	စာရင်းစစ်/စာရင်းကိုင် (B.Com, CPA / B.Com)	ကျား/မ	(၁၀)ဦး
၆။	စာရင်းကိုင် (LCCI Level III)	ကျား/မ	(၁၀)ဦး
၇။	ထွန်စက်မောင်း(ကျွမ်းကျင်)	ကျား	(၁၀)ဦး
၈။	ယန္တရားကြီးမောင်း(ကျွမ်းကျင်)	ကျား	(၁၀)ဦး
၉။	ယာဉ်မောင်း (ကျွမ်းကျင်)	ကျား	(၁၀)ဦး
၁၀။	လုံခြုံရေးဝန်ထမ်း	ကျား	(၅)ဦး
၁၁။	စိုက်ပျိုးရေးလုပ်သား(နေ့စား)	ကျား	(၁၀၀)ဦး

အမှတ်စဉ် ၁၊ ၂၊ ၅ လျှောက်ထားသူများသည် အသက် ၅၀ ထက်မကြီးရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိသူဖြစ်ရမည်။ အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။

အမှတ်စဉ် ၃၊ ၄၊ ၆ လျှောက်ထားသူများသည် အသက် ၄၀ ထက်မကြီးရ၊ လုပ်ငန်းကျွမ်းကျင်မှုရှိသူများဖြစ်ရမည်၊ ဘွဲ့/ဒီပလိုမာ တစ်ခုရရှိပြီးသူဖြစ်ရမည်။

အမှတ်စဉ် ၇၊ ၈၊ ၉ လျှောက်ထားသူများသည် လုပ်ငန်းကျွမ်းကျင်မှုရှိရမည်။ လုပ်ငန်းအလိုက် သင်တန်းဆင်းလက်မှတ်များ ရှိရမည်။ အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ အသက် ၅၅နှစ်ထက်မကြီးရ။

အမှတ်စဉ် ၁၀ လျှောက်ထားသူများသည် လုံခြုံရေးတာဝန် ထမ်းဆောင်ဖူးသူများဦးစားပေးပါမည်။

ရာထူးအားလုံးအတွက် ကျန်းမာသန်စွမ်းပြီး လုပ်ငန်းလုပ်ကိုင်ရန် စိတ်တက်ကြွစွာပါဝင်လုပ်ကိုင်လိုသူများဖြစ်ရမည်။ ဒေသမရွေးတာဝန် ထမ်းဆောင်နိုင်ရမည်။

အလုပ်လျှောက်ထားသူများသည် (၁)ဘွဲ့လက်မှတ်၊ အောင်လက်မှတ်မိတ္တူ/မူရင်း၊ (၂)အလုပ်သမားမှတ်ပုံတင်၊ (၃)အမျိုးသားမှတ်ပုံတင်၊ (၄)ဓာတ်ပုံတစ်ပုံ၊ (၅)အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာအတိုင်း ၃၀–၁–၂၀၀၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ယုဇနကုမ္ပဏီ၊ အမှတ် ၁၃၀၊ တတိယထပ်၊
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇။

မီး
အစဉ်သတိပြု

အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းစာချုပ်အား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်နှင့် ရွှေပြည်ဦးဆောက်လုပ်ရေးမှ ဦးဇော်ဝင်း(PRE-၁၃၅၀၃၂)တို့ ၂၀–၆–၁၉၉၇ရက်တွင်ချုပ်ဆိုခဲ့သော အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မောင် (BR-၀၀၆၃၅၉)
အမှတ်၂၃၁၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်ဇော်မင်းထွန်း ၁၂/ဒလန(နိုင်)၀၃၄၅၃၃နှင့် မနွယ်နွယ်ဝင်း ၁၂/မဂတ(နိုင်)၀၀၉၈၅၃တို့သည် ၁၂–၁–၂၀၀၇ရက်တွင် တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားသူကြီးရှေ့မှောက်တွင် တရားဝင် ကွာရှင်းပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင် ပတ်သက်ခြင်းမရှိပါကြောင်း အများသိစေအပ်ပါသည်။ **မောင်ဇော်မင်းထွန်း။**

အထူးအယူခံခုံရုံး ရုံးထိုင်၍စီရင်ချက်ချ

နေပြည်တော် ဇန်နဝါရီ ၂၂

တရားရုံးချုပ် (ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးချစ်လွင်နှင့် ဦးတင်အေးတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီက တရားရုံးချုပ်(နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှုလေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရုပ်ရှင်အစည်းအရုံး ၂၀၀၇ခုနှစ် ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံး ရန်ပုံငွေအဖြစ် သရုပ်ဆောင် ဒွေး၊ လွင်မိုး၊ လူမင်း၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ ရဲမွန်၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ ခိုင်နှင်းဝေ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဝိုင်းစုခိုင်သိန်း၊ သင်ဇာဝင့်ကျော်၊ ပြည့်ဖူးခိုင်၊ ဇူးဇူးမောင်၊ ဟေမာန်အောင်အောင် စသည့် သရုပ်ဆောင်များပါဝင်သော ဆိုက်ကြီးအထူးခြောက်ရွက်ပါ ၂၀၀၇ခုနှစ် ပြက္ခဒိန်ထွက်ရှိပြီးဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်ရွှေပုံလွှား ပြက္ခဒိန် ဖြန့်ချိရေးတို့၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်၄နာရီ မိနစ်၂၀ က မိတ္ထီလာမြို့ လွတ်လပ်ရေးပန်းခြံတွင်ကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အလံတင်ဂုဏ်ပြု တပ်ဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်အလေးပြုကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ဖတ်ကြားသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် တီးတိန်မြို့ စကောလမ်းနှင့် လွယ်ဘွာလ်ရပ်ကွက်ဆက်သွယ်သည့် မြေသားလမ်း တာချဲ့ (မြို့ပြ)ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီမြို့ သန္တာလမ်း ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်

မြဝတီ ဇန်နဝါရီ ၂

မြဝတီမြို့ အမှတ်(၁)ရပ်ကွက် သန္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အမှတ်(၁)ရပ်ကွက် သန္တာလမ်းကို မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေစိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည် ပေ ၉၀၀၊ အကျယ်ပေ ၂၀ကို ကတ္တရာဖိုး ငွေကျပ် ၃၃၉၂၀၀၀နှင့်ပြည်သူများ ထည့်ဝင်ငွေကျပ် ၈၀၂၈၀၀၀တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇန်ကျွမ်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ပိုးပိုးမာတို့ ဇန်နဝါရီ ၇ရက်က အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖြူးမြို့နယ်အတွင်းရှိ ဘန်းလောင်ကျေးရွာနှင့် ကြာအင်းကျေးရွာ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးပွဲ စစ်ကိုင်း၌ကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၁၈

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းနှင့်ဝန်ထမ်းများ ဇန်နဝါရီ၉ရက် နံနက်၉နာရီက စစ်ကိုင်းမြို့နယ် မင်းကွန်း(တောင်) ကျေးရွာနှင့် မင်းကွန်း(မြောက်) ကျေးရွာများသို့ သွားရောက်၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံကာ ဆွေးနွေးကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များ၊ စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရေးနှင့် စာအုပ်များ အလှူခံရရှိရေးအတွက် စည်းရုံးဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဖြေကြား

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းကြရာ ဒုတိယဦးစီးမှူး ဦးအောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးအလှူရှင်များဂုဏ်ပြုပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ ဇန်နဝါရီ ၈

တောင်ငူမြို့ဗြဟ္မစိုရ် လူမှုရေး ကူညီမှုအသင်း မေတ္တာနှင့်စေတနာသွေး အလှူရှင်အဖွဲ့၏ ဒုတိယအကြိမ် နှစ်ပတ်လည် အခမ်းအနားနှင့် သွေးအလှူရှင်များအားဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက်ပိုင်းက သွေးအလှူရှင်ရုံး ရွှေနှင်းဆီအဆောက်အအုံခန်းမ၌ ကျင်းပသည်။

ယင်းနောက် သွေးအလှူရှင်များ၊ ငွေကြေးမတည် အလှူရှင်များ၊ လစဉ်သွေး တစ်လုံး ကုန်ကျစရိတ်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လှူဒါန်းကြသူ အလှူရှင်များအားတောင်ငူခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်းက ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဤမေတ္တာနှင့်စေတနာ သွေးအလှူရှင်အဖွဲ့သို့ သွေးလှူဒါန်း လိုသူများသည် သွေးအလှူရှင်အဖွဲ့ရုံးဖုန်း- ၀၅၄-၂၃၂၄၀နှင့် ၀၅၄-၂၃၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၀၃)**

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၇ ရက်
၂၄-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓမ္မဂ္ဂသုတ်)

နေ့လယ်ပိုင်း

- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ လက်မှတ်အတွက် လက်တွေ့စစ်ဆေးမှုအကြောင်း)
- ၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှ ပျူနိုင်ငံ၏ မြို့ဟောင်းများ-စတုတ္ထပိုင်း- ဒေါက်တာဦးဖေဉာဏ်)
- ၁၂း၁၅ သူ့အတွေးနှင့် သူ့အရေး (တစ်ဘဝအတွက် နှစ်နာရီအလို)
- ၁၂း၃၅ သီချင်းကြီးပဒေသာ
  - (၁) တောဟောဝန်တောင် သီချင်းခန့် (မြင့်မြင့်စိန်)
  - (၂) အို-ကြော့ဆုံးမယ်ပတ်ပျိုး (ကိုသန်းဟန်)

ညနေပိုင်း

- ၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) အလှမက်ရင်ဖြင့် (ကိုလေးမြင့်)
  - (၂) သူမြတ်နိုးရင်ကွယ် (ချစ်စံပယ်)
  - (၃) ကိုယ့်ငယ်ကျွမ်းဘယ်မှာနေ (စန္ဒရားလှမော်)
- ၁၇း၃၀ အစာနှင့်အာဟာရ (ထမနဲ)
- ၁၇း၄၅ သူ့လက်သံ အဆို၊အက၊အရေး၊ အတီးဆုရ မန္တလေးတိုင်းမှ မရတနာစုနှင့် ဧရာဝတီတိုင်းမှ မဒေလီရာထွန်းတို့ရဲ့ ပတ္တလားလက်သံ)
- ၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) တိပိဋကဓရသာသနာ၀င် သမိုင်းမှတ်တမ်း၊ သုတသနကျမ်း (တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး)
  - (၂) ရွှေပြည်ကြီး (တက္ကသိုလ်နန္ဒမိတ်)
- ၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးသံသွင်းမှ ဂန္ထဝင်သုံးဖော်-၄)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ချစ်မြဲ လွမ်းမြဲ တမ်းတဆဲပါလေ (နှင်းရည်သန့်)
  - (၂) အိပ်မက်လမ်းဆုံလေးက စောင့်နေမယ် (လှမြင့်ဝင်း)
  - (၃) သူချိန်းထားတဲ့အချိန် (မြင့်မြင့်စိန်)

ရေဂါလန် ၃၀၀၀ဆံ့ ကျေးလက်သောက်ရေကန် ရွာငံမြို့၌ဖွင့်

ရွာငံ ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပိန္နဲကုန်းကျေးရွာ ရေဂါလန် ၃၀၀၀ ဆံ့ ကျေးလက်သောက်သုံးရေကန်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစည်သူဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်း၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အဆိုပါ ကျေးလက်သောက်သုံး ရေကန်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစည်သူဝင်းနှင့်မြို့နယ်အသင်းအလုပ်အမှုဆောင် ဦးစောထွန်းခိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ) (ကြံ့ခိုင်ဖွံ့ဖြိုး)**

ဝိုင်းမော်မြို့ အမှတ် (၂) ရပ်ကွက်တွင် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းကို ဒီဇင်ဘာ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်နေ ဦးထွန်းမောင်နှင့် ဦးရွှေသွေးအား ရည်စူး၍ ဒေါ်သန်းတင်၊ သားကိုမောင်မောင်သင် (မိုး/ဇလ)၊ သမီးမဖြူပြာခင်၊ မဝါဝါခင်၊ မစုရည်လင်း မိသားစုတို့က အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော်ဦးလက္ခဏ(ကျောင်းသစ်ကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လယ်ယာ လက်တွန်းထွန်စက် သရုပ်ပြပွဲ ပူတာအိုတွင် ကျင်းပ

ပူတာအို ဒီဇင်ဘာ ၁၉

ပူတာအိုမြို့တွင် လယ်ယာ(၁၆) လက်တွန်းထွန်စက်သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၉ရက်က မက်ပန်ကွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခိုင်စိုး တက်ရောက်အားပေးသည်။

ဆက်လက်၍ လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် ပတ်သက်သည့် အချက်အလက်များကို ပူတာအိုမြို့ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်က ရှင်းလင်းတင်ပြပြီး လက်တွန်းထွန်စက်ဖြင့် မောင်းနှင်သရုပ်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗိုလ်မှူးဝင်းနိုင်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မာလာမြိုင် ရိပ်သာလမ်း အမှတ်(၅၂၉)အေနေ ဇနီး ဒေါ်ရီရီသန်း၊ သမီးမဥမ္မာဝင်းနိုင်၊ သားကြီး မောင်သူရိန်ဝင်းနိုင်၊ သားငယ် မောင်ညီညီနိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မုံရွာမြို့ စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

မုံရွာ ဇန်နဝါရီ ၇

မုံရွာမြို့ ဘုန်းစိုးရပ်ကွက် စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းမုခ်ဦးတွင် ကျင်းပသည်။

စစ်ဆေး

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီ ဦးဘကြိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး တက်ရောက်ကြသူများက လမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ပုသိမ်မြို့ မာတရပ်နေ ဦးသောင်း-ဒေါ်ကျင်ရန်၊ သမီး မခင်အေးဝင်း (နေဖြိုး)မိသားစုက ပုသိမ်မြို့ မြောင်းမြ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပသော (၂၄)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယဓမ္မက စာဖြေ၊ စာပြန်ပွဲတော်အတွက် အလှူငွေ ကျပ်လေးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဓမ္မာစရိယ ပါဠိပါရဂူ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး နည်းလမ်းဆွေးနွေး

သီပေါ ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျေးလက်ဒေသ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် စာကြည့်တိုက်များ ကော်မတီနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ကြည် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးလက်စာကြည့်တိုက်များ ခိုင်မာရေးနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကို အသေးစိတ်ထပ်ဆင့် ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ သီပေါမြို့နယ်အတွင်းရှိ နမ့်အွန်(ကွန်ခိုက်)၊ စံလောင်း၊ ကုန်းသာ၊ ပန်ဆောက်၊ ပန်ဆောက်မိန်း၊ မြို့ဟောင်းနှင့် စံဖိတ်၊ နားခဲ၊ မန်ဟဲ၊ ဘော်ကြို၊ ကျင်သီ၊ နမ့်အွန်(ကြံခင်း)ကျေးရွာများမှ ကျေးရွာဥက္ကဋ္ဌများ၊ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များနှင့်စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။ **(၁၀၆)**

အာဟာရကျွေးမွေးပွဲနှင့် စာရေးကိရိယာလှူဒါန်းပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၉

မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသူ ကျောင်းသားများအား အာဟာရဒါန ကျွေးမွေးပွဲနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲကို ဇန်နဝါရီ၁၃ရက် နံနက် ၈ နာရီက ပစ္ဆိမာရုံစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာတော်များ ကြွရောက်တော်မူကြပြီး ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အလှူရှင် မော်လမြိုင်ကျွန်းမြို့ ၁၅လမ်းနေ ဦးထိန်ဝင်း-ဒေါ်စန်းမြင့်(ငွေစင်-ရွှေစင် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းရောင်းဝယ်ရေး) မိသားစုများ တက်ရောက်ကြသည်။

လှူဒါန်း

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရက ဩဝါဒချီးမြှင့်ပြီး အလှူရှင် ဦးထိန်ဝင်း-ဒေါ်စန်းမြင့်တို့၏ သမီး မစန်းစန်းမော်၏ (၂၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ပစ္ဆိမာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ မူလတန်းကျောင်းသူ ကျောင်းသား ၃၉၀ တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းကြပြီး ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)** **(၀၉၇)**

ဆေးရုံသုံး အောက်စီဂျင်စက်နှင့် ရေတိုင်ကီလှူဒါန်း

မောင်တော ဇန်နဝါရီ ၁၂

မောင်တောမြို့ အမှတ်(၃)ရပ်ကွက် ဦးလှမြင့်နှင့် ဇနီးဒေါ်သန်းသန်းအေး မိသားစုက ဖခင်ဦးနီမောင်အားရည်စူးလျက် ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ ဆေးရုံသုံး အောက်စီဂျင်စက်နှင့် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရေတိုင်ကီတို့အား မောင်တောပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီက ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ ဆေးရုံအုပ် ဒေါက်တာချစ်ဖေက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လူထုအားကစားလ သနပ်ပင်၌ စုပေါင်းလမ်းလျှောက်

သနပ်ပင် ဇန်နဝါရီ ၇

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်း သနပ်ပင်မြို့၌ ကျင်းပရာ ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် နံနက် ၅ နာရီခွဲက ပဋ္ဌမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်အားကစားကွင်းရှေ့မှ သိမ်ရိုးတံတားအထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ နေ့ချင်းပြီး အားကစားပြိုင်ပွဲများကို ရပ်ကွက်အလိုက် ကျင်းပပြီး ဆုရအားကစားသမားများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စမ်းမကြီးကျေးရွာ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ၁၂ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးကျော်စိုး ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမြင့်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အဏ္ဏဝါအလင်းပြ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ဒေးဒရဲ၌ ကျင်းပ

ဒေးဒရဲ ဇန်နဝါရီ ၁၂

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျုံဒါတ်ကျေးရွာအုပ်စု တော်ကန်ညောင်လိန်ကုန်းကျေးရွာ အဏ္ဏဝါအလင်းပြ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၉ရက် ညနေ ၄နာရီက အဆိုပါကျေးရွာ သာသနာ့ရာမကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အဏ္ဏဝါအလင်းပြ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို သာသနာ့ရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်၊ စာစောင်များနှင့် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အမှတ်၁၂၀(ခ) နေသိဒ္ဓိလမ်း ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဦးဖိုးသန်းဝင်း၊ ဒေါ်သန်းမြင့်(ငြိမ်းချမ်းကမ္ဘာ မိသားစု)နှင့် ဦးခင်မောင်မြင့်တို့က ငွေကျပ်ခြောက်သိန်းခြောက်သောင်း တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံ အုပ် ၁၃၅၀ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ဖျာပုံ၊ ဒေးဒရဲ၊ ဒလရာသက်ပန် ယာဉ်ငယ်အသင်းဥက္ကဋ္ဌကမဂ္ဂဇင်း၊ ဂျာနယ်များကို လည်းကောင်း၊ ကျေးရွာမှ စုပေါင်းအလှူငွေကျပ်ခုနစ်သောင်းကို ရပ်မိရပ်ဖဦးအောင်ကြည်က ပေးအပ်လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လက လက်ခံရယူသည်။

ဆက်လက်၍ စာပေပညာရှင်များဖြစ်ကြသော အမျိုးသား စာပေဆုရှင် လယ်တွင်းသားစောချစ်၊ စာပေဗိမာန်စာမူဆုရ သန်လျင်မောင်မောင်ဦးနှင့် စာပေ ဗိမာန်စာမူဆုရ မော်ဝန်းကြည်မြတ်တို့က စာပေရေးရာအဖြာဖြာတို့ကို ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သရက်တပင်-ပင်းသားတောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၈ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

အောင်တံခွန်စာကြည့်တိုက်ဖွင့်ပွဲ ဘားအံမြို့၌ ကျင်းပ

ဘားအံ ဇန်နဝါရီ ၁၅

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု လှာကာစံပြရွာတွင် အောင်တံခွန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် ညနေ ၅နာရီက ယင်းစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စာကြည့်တိုက် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းကြပြီး စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြသည်။

အောင်တံခွန်စာကြည့်တိုက်သည် အလျား ၃၂ပေ၊ အနံပေ ၂၀ရှိ သွပ်မိုး၊ အုတ်ညှပ်ဖြင့်ဆောက်လုပ်ပြီး အလှူရှင် ၁၉ ဦးနှင့် ပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၄၁၂၀၀၀၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း သူဌေးကုန်း-တောင်ခင်ကျေးလက်ဂဝံလမ်းခင်းခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးဟိန်းဇော်ကြီးကြပ်ဆောင်ရွက်ရာသို့ ဇန်နဝါရီ၉ရက်က အမှုဆောင်အရာရှိ ဦး ကျော် ဆန်း ထွန်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းမြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၂ရက်က ပြုလုပ်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ စစ်ကိုင်းခရိုင်မီးသတ် ဦးစီးမှူး ဦးစံရွှေထွန်း၊ ဒုတိယဦးစီးမှူး(ဈေး)ဦးဝဏ္ဏအောင်၊ ဈေးဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့နှင့်ဈေးသူဈေးသားများ စုပေါင်း ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ် စည်ပင်)

ဝိဘင်္ဂ ပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

အဘိဓမ္မာပိဋကဝင် နှစ်ကျမ်းမြောက် ဝိဘင်္ဂပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏအစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတထံ လှူဒါန်းကြသော သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာမိကျောင်းကန် (၃)ရပ်ကွက် ခေမာသီရိလမ်း အမှတ် ၅နေ ဦးထွန်းသန်း (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ခင်မြစိန်မိသားစု၊ စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက် ရပ်ကွက် အမှတ်၇၃နေ ဦးလှမြင့်-ဒေါ်ခင်လေးစီ၊ သမီး မစုခိုင်ဦးမိသားစု၊ စမ်းချောင်းမြို့နယ် ပြည်လမ်း မဟာ မြိုင်အထူးကုဆေးခန်းပိုင်ရှင် ဦးဆန်းလွင်-ဒေါ်ခင်မာအေး၊ သားကြီး ခန့်ညားလွင်(ခ) မောင်ခန့်ညား၊ သားငယ် မောင်ရဲရင့်လွင်မိသားစုက ကြေးပြား ၁၀ ချပ်စီ၊ လမ်းမတော် မြို့နယ် ရွှေတောင်တန်းလမ်း အမှတ် ၃၀ နေ ဒေါ်တင်မျိုးနွယ် မိသားစုက ကြေးပြားခြောက်ချပ်၊ သာကေတမြို့နယ် (၁၄) ရပ်ကွက် သလ္လာဝတီ ၂ လမ်း၊ အမှတ် ၁၅၅၀/အေနေ ဒေါ်သန်းစိန်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၁) ရပ်ကွက် စွယ်တော်လမ်း အမှတ် ၁၀၆၂နေ ဦးမြတ်သာ-ဒေါ်တင်အေး မိသားစု၊ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် ၂လမ်း အမှတ် ၈၃ နေ ဒေါ်သန်းဌေးနှင့် မောင်နှမမြေးတစ်စု၊ ကျောက် တံတားမြို့နယ် ၃၅လမ်း အမှတ် ၁၇၃ နေ ဦးတင်ဝင်းသျှင်-ဒေါ်ခင်လေးသိမ့်၊ သမီးမကြည်ဖြူသျှင်၊ မနုရွှေရည်၊ မအိသီရိဇော်၊ သား မောင်နန္ဒာရဲရင့်ဝင်း (မဟာထွန်းရုပ်ရှင်)၊ အလုံမြို့နယ် ပထမသီရိရိပ်သာ အမှတ် ၁၆၂/၁ ပ-ထပ်နေ ဦးမောင်မောင်ကြီး-ဒေါ်သန္တာနိုင်(မွှေးမွှေး)၊ သား ဝေဖြိုးမောင်၊ ဖွဲဝေယံမိသားစုတို့က ကြေးပြား ငါးချပ်စီ၊ ကျောက်တံတားမြို့နယ် ၃၅ လမ်း အမှတ် ၁၇၃ နေ ဒါရိုက်တာ ကြည်ဖြူသျှင် (မဟာထွန်းရုပ်ရှင်)က ကြေးသေတ္တာ တစ်လုံးတို့ကို လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၂၀၀၀၀နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန် အထက(၁) အဆောက်အအုံအချို့ပြုပြင်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

အင်းစိန် အထက(၁) မိဘဆရာအသင်း အမှုဆောင်အဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ကျောင်းတွင်းသန့်ရှင်းသာယာလှပစေရေး တွေ့ဆုံညှိနှိုင်းပွဲကို ဇန်နဝါရီ ၁၂ရက်က ကွန်ပျူတာခန်းမ၌ ကျင်းပရာ သဘာပတိမိဘဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန်တို့က အမှာစကားပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)က ကျောင်းတွင်း ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အလှူငွေရရှိရေးအခြေအနေများ တင်ပြရာ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အစည်းအဝေး တက်ရောက်လာသူများက ဆွေးနွေး အကြံပြုကြသည်။

လှူဒါန်းနိုင်

အဆိုပါ အင်းစိန် အထက(၁) သည် လွတ်လပ်ရေးမရမီက ဆောက်လုပ်ခဲ့ရာ သန့်စင်ခန်းအချို့မှာ ပျက်စီးနေသဖြင့် ၂၀၀၇ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က သန့်စင်ခန်းများကို အသစ်ပြုလုပ်မည် ဖြစ်ရာ သန့်စင်ခန်းတစ်ခန်း ငွေကျပ် နှစ်သိန်း(သို့မဟုတ်) မိမိစေတနာ အလျောက် လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများ၊ စေတနာရှင်များသည် ကျောင်းအုပ်ဆရာကြီး ဖုန်း-၆၄၀၀၄၃၊ ဦးမြင့်စိုး ဖုန်း-၀၉-၈၀၂၄၂၆၂၊၆၄၀၈၇၆၊ဦးအေးသိန်း ဖုန်း- ၆၄၂၇၁၅၊ ဦးထိန်ဝင်း ဖုန်း-၆၄၄၅၂၁၊ ဦးသန်းအောင် ဖုန်း-၆၄၂၁၄၈၊ ဦးစံချိန် ဖုန်း-၆၄၁၈၆၂ နှင့် အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်ဥက္ကဋ္ဌများထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျပ်တစ်သောင်းနှင့်အထက် အလှူရှင်များအားအလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ဂုဏ်ပြုလက်မှတ် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကလိန်ကျေးရွာ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသာနို့အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကြည်စင်တို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

ပြည် ဇန်နဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းမှ တိုင်း၊ ခရိုင်၊ မြို့နယ် စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်းများသည် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ အသုံးချနည်း သရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၉နာရီက ပြည်မြို့ တိုင်းရောင်းဝယ်ရေးရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ရွှေထွန်းက မီးဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားပြီး **(ဝဲပုံ)** စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့အသုံးချ သရုပ်ပြမှုကိုလည်းကောင်း၊ မီးသတ် စက်ရေဖြင့် မီးငြိမ်းသတ်နည်းများကို လည်းကောင်း လက်တွေ့သရုပ်ပြသကြသည်။

(၄၀၃)





ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ချင်းပြည်နယ်တရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁/၀၆

မြန်မာ့စီးပွားရေးဘဏ် ဖလမ်းမြို့။	**နှင့်**	၁။ ဦးထန်ပြိုင် ၂။ ဒေါ်တီလ်ဒေါင်း
တရားနိုင်		**တရားရှုံး**

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ်၁၂/၂၀၀၀တွင်ရရှိခဲ့သော အောက်အမည်ပါ ပစ္စည်းကို (၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဖလမ်းမြို့ ဗလိုင်ရပ်ကွက်၊ကျွန်ဘိတ်လမ်း၊ မြေကွက်အမှတ် (၁၅)၊ ဦးပိုင်အမှတ်(၃)၊ အတိုင်းအတာ(၅၀×၉၆×၅×၁၀၀)ပေ ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ သွပ်မိုး၊ သုံးထပ်တိုက်နှင့် လုပ်ငန်းရှိကုန်ပစ္စည်း။

လေလံကြမ်းခင်းဈေး ကျပ်(၄၅)သိန်း။

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားရုံးသို့ တင်ပြချက်အရသိရှိသမျှဖြစ်သည်။ ကြော်ငြာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ကျော်
ပြည်နယ်တရားသူကြီး
ချင်းပြည်နယ်တရားရုံး၊ ဟားခါးမြို့။

အိမ်နှင့်ခြံမြေကွက်

လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရန် တားမြစ်ခြင်း

ကျွန်ုပ်အား အမှုလွှဲအပ်ထားသူ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဘုရင့်နောင်လမ်း၊ အမှတ် ဒီ-၁၂ နေ ဒေါ်သန်းသန်းအေးသည် ၎င်းနှင့်တစ်လမ်းထဲနေ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် တိုးချဲ့(၂)အနောက်ခြမ်း ဘုရင့်နောင်လမ်းရှိ မြေကွက်အမှတ်(**K-1**)(**40'x 60'**)ရှိ ယင်းမြေကွက်တွင်ပိုင်ဆိုင်ကြောင်း အထောက်အထားများကို ယင်းမြေကွက်တွင် ပိုင်ဆိုင်နေထိုင်သော ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ကြာရင်၊ သမီးနော်ဥမ္မာဝင်းတို့က ကျွန်ုပ်၏ အမှုသည်ထံမှ ငွေကိုယူပြီး မြေကွက်နှင့်အိမ်ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း အထောက်အထားများကို မိမိတို့ဆန္ဒအလျောက် ပေးအပ်ခဲ့ပါသည်။

ယခုအခါ အချင်းဖြင့် ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ပင် ဖြေရှင်းသည်အထိ ပြဿနာအရပ်ရပ်ဖြင့် နေဆဲဖြစ်ပြီး သက်ဆိုင်ရာတရားရုံးတွင်ပင် တရားစွဲဆိုရန် အဆင့်အထိဖြစ်နေခဲ့ပါသည်။

သို့ဖြစ်ပါ၍ တားမြစ်ချက် ထုတ်ဆင့်သည့်အချိန်မှစ၍ အချင်းဖြစ်မြေကွက်နှင့် အိမ်အား ကျွန်ုပ်၏အမှုသည် မြေကွက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း မပြုလုပ်ရန်အတွက် အများသိစေရန် တားမြစ်အပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမြကြွယ်
တရားရုံးချုပ်ရှေ့နေ (မှော်ဘီ)
ဒေါ်သန်းသန်းအေး၏ အကျိုးဆောင်
လိုင်စင်အမှတ်- ၅၆၁၄/၉၁
အမှတ် - ၁၁၄၉၊ မြို့မ(၁)ရပ်ကွက်၊
ဆရာသိန်းလမ်း၊ မှော်ဘီမြို့။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့် အဆောက်အအုံ နေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးဝင်းမောင် ၁၂/ကမရ(နိုင်) ၀၀၄၅၄၈	ဒေါ်အေး ၁၂/ကမရ(နိုင်) ၀၀၃၈၃၃	တိုက်(၁၇)၊ အခန်း (၄၈) ပြည်ရိပ်မွန်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ကျေးဇူးတင်ရှိခြင်း

၁၂-၁-၂၀၀၇ရက်တွင် ကွယ်လွန်သွားသော ပျဉ်းမနားမြို့ ပေါင်းလောင်း ၃လမ်းနေ ဒေါ်နုနုယဉ်(မတူးမာ အထည်ဆိုင်)နှင့် သမီး မသော်သော်အောင် (ဒုတိယတန်း၊ ရန်အောင် အမက)တို့၏ နာရေးတွင် ကူညီဆောင်ရွက်ပေးကြသော ပျဉ်းမနားမြို့မှ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ အေးမြင့်သာယာ ရွာသူရွာသားများ၊ ပျဉ်းမနားမြို့မဈေးသစ်မှဈေးသူဈေးသားများ၊ ရန်အောင် အမက ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မန္တလေးမြို့ ရတနာပုံဈေးမှ မိတ်ဆွေများ၊ အခြားရပ်ဝေးရပ်နီးမှ မိတ်ဆွေများနှင့် ဆွေမျိုးများအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်လှိုင် အသက်(၉၃)နှစ်

ဒေါ်နီလာဝင်း (General Manager) Tokyo Pipe၏ အဘွား ဒေါ်ကျင်လှိုင် အသက်(၉၃)နှစ်သည် ၂၀-၁-၂၀၀၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း၊

Excel Treasure

မိသားစု။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မြင့်နိုင်ဝင်း ၁/မကန (နိုင်)၁၁၃၂၄၅ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပြီး ခွင့်မလွှတ်နိုင်အောင် ပြုမူဆိုးသွမ်းနေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါကြောင်း သိစေအပ်ပါသည်။

မိခင်-ဒေါ်ခင်မူ
၁/မကန(နိုင်)၀၄၀၄၃၆
ရွှေလီရပ်ကွက်၊ နမ္မတီးမြို့။

စီးပွားဖြစ်ဆိုင်ခန်း

ပြုလုပ်ရန် နေရာကောင်းနှင့် နှစ်ထပ်တိုက် ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

နေရာ-မ/ဒဂုံ၊
(၃၈)ရပ်ကွက်၊
ဖုန်း-၂၁၂၁၆၇၊ ၃၈၂၈၁၈၊
၀၉-၈၀-၃၀၆၄၇။

တစ်လပြည့်လွမ်းဆွတ်
သတိရအမှျဝေခြင်း

ဦးဇော်ညွှန့်

(မြောက်ဥက္ကလာဆိုးပြားစက်ရုံ)

၂၃-၁၂-၂၀၀၆ရက်တွင်ကွယ်လွန်ခဲ့သော ကျေးဇူးရှင် ချစ်ခင်ပွန်းရေ။ လင်းနဲ့သားကို ခွဲခွာသွားသည်မှာ တစ်လပြည့်သော်လည်း မမေ့မလျော့ဘဲ သတိရနေဆဲပါ။

ကိုဇော်ကြီးအတွက် ရည်စူး၍ သိမ်ကျောင်းဆောက်လုပ်ရန် အလှူဒါနပြုခြင်းနှင့် နေ့စဉ်ပြုသမျှ ကုသိုလ်တို့ကို ရောက်ရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေပါ၏။

ချစ်ဇနီး-ဒေါ်ခင်လင်းအေး
ချစ်သား-မောင်ရဲဇော်ညွှန့်။

သိမ်၊ ကျောင်း၊ ရဟန်းအမကြီး ဒေါ်စန်းဝင်းအား ရည်စူး၍ ကျေးလက်ဒေသ သာသနာပြု သာယာဝတီ အရှင်ဒီဃာဝုအား အမှူးထားပြီး အမှတ် (၆၉) သဟာယလမ်း ၁၃ ရပ်ကွက် လှိုင်မြို့နယ်နေ အေးအေးသန်း(ခ) ဇော်ကြီးနှင့်သမီး မချိုချိုသန်းတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ တိုးချဲ့ဆေးရုံသစ်အတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်းက လက်ခံယူစဉ်။ (က-ပ)

စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေး အကြောင်း ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ရက်က ဆေးစက်ရပ်ကွက် ရောင်ခြည်ဦး စာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အုံးညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၆ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမက(၁)၏ ပညာရေးစုံညီပွဲတော်တွင် မြို့နယ်ပညာရေးမှူး ဦးဘရီက စတုတ္ထတန်း(ဂ)မှ မြို့နယ်အဆင့်ပန်းချီပထမဆုရ မောင်ရဲမင်းသန့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်းစိန်မြို့နယ် သံဃာ့ဆေးရုံလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

အင်းစိန်မြို့နယ် ဆေးရုံဝင်းအတွင်း တည်ရှိသည့် သံဃာ့ဆေးရုံ လုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ မွန်းလွဲ၁နာရီက အင်းစိန်ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အင်းစိန်ဆေးရုံအုပ် ဒေါက်တာ ဒေါ်ဆွေဆွေဝင်းနှင့် တက်ရောက်လာသူများက အင်းစိန်သံဃာ့ဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းကြသည်။

ထို့နောက် နာယက ဆရာတော်ကြီးများအား အမှူးထား၍ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဆွေဆွေဝင်း၊ ဒုတိယဥက္ကဋ္ဌဦးအေးသိန်း၊ ဒုတိယရဲမှူးယုနိုင်၊ ဘဏ္ဍာရေးမှူး မြို့နယ်ဥပဒေ္ဒာကအဖွဲ့မှ ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)၊ ပြန်ကြားရေးမှူး ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာကျော်လွင်နှင့် အမှုဆောင် ၁၅ဦးပါဝင်သော သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးသည်။

သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၁ရက်တွင် အင်းစိန်သံဃာ့ဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ကြမည်ဖြစ်ပြီး အင်းစိန်မြို့နယ်တွင် ရဟန်းသာမဏေ စုစုပေါင်း၅၀၀၀နီးပါး ရှိရာ ခုတင်၁၂လုံးဆံ့ သံဃာ့ဆေးရုံသို့ လှူဒါန်းလိုသူများ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အမှတ်၁၁၁၊ ၃၃လမ်းရှိ လာဘ်မိုးစွေ စာပေတိုက်တို့တွင် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ကိုးထပ်ကြီးဘုရား ပတ်ဝန်းကျင်နှင့် ရင်ပြင်တော်အတွင်း အပြင်တို့တွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးသုတ်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ၁၄ရက်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၂၉)

မူးယစ် ကင်းစင် အလှဆင်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး အမြင်ချင်းဖလှယ်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းတို့ နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြစဉ်။

(သတင်းစဉ်)